ဟဲပါးကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟဲပါးကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ဟဲပါးကျေးရွာအရင်းအမြစ်ပြမြေပုံ၊မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမ ဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီ ပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူ ရန်လိုအပ်ကြောင်းကိုလည်း ကောင်း စွာသိရှိခဲ့ပါ သည်။

ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်း သည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှုတစ်ဝက် ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်း နှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဟဲပါးကျေးရွာ
မိုးညှင်းမြို့နယ်

ဟဲပါးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျောက်ဆည်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံ များကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ် သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင် ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင် ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ များ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်း ကြောင်းများကိုလည်းဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက် မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီ အစဉ်မှတ် တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြ မည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လို လားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေ ရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ် သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ် ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ဟဲပါးသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေ ကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတ ကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရ ရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိ ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေး ရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မိုးညှင်းမြို့နယ်၊ ဟဲပုကျေးရွာအုပ်စုအတွင်းပါဝင်ပြီး အင်းတော် ကြီးအင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး၊ အင်းကမ်းနံဘေးတွင်တည်ရှိပါသည်။ အင်းဝဲယာအင်းပတ် ကားလမ်းပေါ်တွင် တည်ရှိပြီး၊ ရာသီမရွေးအသုံးပြုနိုင်သည် ကျောက်ခင်းလမ်း ဖြစ်ပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့သို့ ဆက်သွယ်သွား လာရသည်မှာ လွယ်ကူပါသည်။ အင်းရေပြင်နှင့် တောင်တန်းကြားတွင်ရှိသည့်မြေ ပြန့်လွင်ပြင်ပေါ်တွင် တည်ထားသည့် ကျေးရွာ ဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် တောင်တန်းများနှင့် (၂)မိုင်ကျော် (၃)မိုင်ခန့် ကွာဝေးသည့်အတွက် မြေပြန့်လွင်ပြင် နည်းပါးပါသည်။ မိုးကောင်းမွန်ပြီး (၁)နှစ်ပျမ်းမျှ မိုးရေချိန်မှ ထိရရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး၊ ဒုတိယ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရေလုပ်ငန်းတံငါသည်များ ဖြစ်ပါသည်။ ရွှေထွက်ရှိရာ ဒေသများ၊ ကျောက်စိမ်းမှော်နယ်မြေများနှင့် နီးကပ်မှုကြောင့် လယ်ယာ လုပ်ငန်းအားလပ်သည့် အချိန်များတွင်ရေမဆေး ကျောက်ရှာဖွေခြင်း ရှာဖွေခြင်းနှင့် ရွှေတွင်းသို့နေ့စားလုပ်သား အဖြစ်သွားရောက်လုပ်ကိုင်သူ တချို့တလေရှိပါသည်။ တနိုင်တပိုင် ကြက်၊ ဘဲ၊ ဝက်မွေးမြူသူများရှိပြီး အသားတိုးကြက်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူသူ အိမ်ထောင်စု(၂)စု ရှိပါသည်။ အထိုက်အလျောက်လည်းအောင် မြင်မှုရကြပါသည်။ လယ်သမားများသည် စပါးကိုမိုးသီးနှံအဖြစ် အဓိကစိုက်ပျိုးကြပြီး၊ ဆောင်းသီးနှံအဖြစ်ပဲပုတ်နှင့် မြေပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ ကြက်သွန်ဖြူနှင့် အခြားဟင်းသီးဟင်းရွက် များကိုလည်း စိုက်ပျိုးကြပါသည်။ နှစ်ရှည် သီးနှံဖြစ်သည့် သစ်မွေးပင်ကိုလည်းစီးပွား ဖြစ်စိုက်ပျိုးသည့် အိမ်ထောင်စု(၁)စုရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေပိုင်ဆိုင်မှုရှိကြပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ သယံဇာတ ထွက်ရှိမှုမရှိပါ။ တောင်သူအများစုသည် မိုးရေကိုသာအဓိကအားထားရ ပါသည်။ လယ်(၇၁၇.၀၈) ဧကသည် ဟဲပါးချောင်းရေမှ ရေကိုရရှိသော်လည်း လုံလောက်မှုမရှိပါ။ သဘာဝသစ်တောများ အားနည်းပါးလာ၍ ချောင်းရေခန်းခြောက် မှုများလာပါသည်။ အဓိကမိုးရေကိုသာ အားကိုး နေရပါသည်။ စိုက်ပျိုးသီးနှံအောင် မြင်ဖြစ်ထွန်းမှုသည် မိုးရွာသွန်းမှု အနည်းအများနှင့် ရာသီဥတုပေါ်တွင်သာမှီခို နေရပါသည်။ မြေအောက်ရေသုံးစွဲမှု မရှိပါ။ မြေအောက်ရေကို (၅)ပေါက်ကျင်းများ တူးပြီးအသုံးပြုပါက တောင်သူများ သီးနှံအထွက်နှုန်းတိုးလာနိုင်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၁၄)စုနှင့် ကျား(၅၆၇)ဦးနှင့် မ(၆၀၁)ဦးဖြင့် လူဦးရေပေါင်း(၁၁၆၈) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်း ရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက်ပိုမိုပါသည်။ ကျေးရွာတွင်ရှမ်းနီ လူမျိုးများသည် အများစုဖြစ်ပြီး၊ ဗမာလူမျိုးအနည်းငယ်နှင့် ကချင်လူမျိုးအိမ်ထောင် (၂)စုရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၂.၈၀)%ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းပြီး လူငယ်များကို ထိုက်သင့် သည်လုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သောအမျိုးသားဦးရေထက် အနည်းငယ်သာ ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တရွာလုံး၏ဝင်ငွေအနေ အထားသည် လျော့နည်းသည်။ ဆင်းရဲချမ်းသာသတ်မှတ်မှုတွင် အိမ်ထောင်စု အာလုံး၏ (၆၄)%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဖြစ်ခံယူကြပြီး၊ (၁၁)% သည် ပြည့်စုံချမ်းသာ သည်အဆင့်နှင့် (၂၅)%သည် အလယ်အဆင့်သတ်မှတ်ခံ ယူကြပါသည်။ ကျေးရွာတွင် အချို့သော လယ်သမားများသည် လယ်မြေဧကပိုင်ဆိုင်မှု များပြားသော်လည်းဆင်းရဲသည့်အဆင့်ကို ခံယူကြပြီး ကြွေမြိတင်ရှိပြီး၊ ဝမ်းစာဖူလုံ လောက်သည့် လယ်သမားအများအပြားရှိပါသည်။ တောင်သူ လယ်သမားများ၏ အဓိကပြဿနာမှာ မိုးရေခံလယ်ဖြစ်နေခြင်းနှင့် ချောင်းရေကို လုံလောက် စွာမရရှိမှု သည်လည်းအဓိက ပြဿနာဖြစ်နေပါသည်။ လယ်ဧကများပြားပြီး လယ်ယာကိုကျေ ညက်စွာ မလုပ်ကိုင်နိုင်မှုနှင့် အတွက်မျိုးကောင်း မျိုးသန့်များမရရှိမှုသည်လည်း အဓိကစိန်ခေါ်မှု

တရပ် ဖြစ်နေပါသည်။ လယ်ယာသုံးစက်ကရိယာကို အရစ်ကျ စနစ်ဖြင့် ဝယ်ယူသုံးစွဲမှုကြောင့်လည်း ကြွေးမြီတင်ရှိမှုများပါသည်။ ချမ်းသာသော လယ်သမားစုသည် အလွန်နည်းပါသည်။ ရွာတွင် ပန်းရံလုပ်ငန်း လက်သမားလုပ်ငန်းလုပ်ကိုင်သူ (၃)အိမ်ထောင်စု ရှိသော်လည်း အသက်မွေးဝမ်း ကျောင်းအနေနှင့် လုပ်ကိုင်စားသောက်ရန် ခက်ခဲပါသည်။ အချို့သောလယ်သမားများသည် မိုးသီးနှံစိုက်ပျိုးပြီး ခေတ္တအားလပ်သည့်အချိန်တွင်း ရွှေတွင်းလုပ်ငန်း လုပ်သားများ၊ ကျောက်မှော် သို့ စျေးရောင်းသည့်လုပ်ငန်းကိုလည်းလုပ်ကိုင် ကြပါသည်။ ငွေချေးသူအချို့သည်သာ ငွေကြေး ပြေလည်သည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည်ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာမဲ့သူများနှင့် ကျပန်းလုပ်ကိုင်စားသောက်သူများ များပြားပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သည့် တံငါအများစု သည်နေ့စဉ် ပုံမှန်ဝင်ငွေရကြပြီး ထိုက်သင့်သလောက်စီးပွားရေး ပြေလည်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားပြီး ကျပန်းလုပ်ငန်းစားသောက် သူများပြား ပါသည်။ ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ရာသီပေါ်သီးနှံရောင်းချသူများ၊ ငါးရောင်းဝယ်သူများ၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများနှင့် ကျောက်မှော်၊ ရွှေမှော်သို့သွားရောက်ပြီး စျေးရောင်း ချခြင်းနှင့် နေ့စားလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ရေမဆေးကျောက်ရှာဖွေသူများသည် အစုစားလုပ် ကိုင်ကြပါသည်။ တန်ဖိုးကြီးမားသည့် ကျောက်ကြီးကျောက်ကောင်းမှုနည်းပါး၍ အချို့မှာအသွား အပြန်စရိတ်ပင်မရသည့် သူများရှိပါသည်။ ရွှေတွင်းများတွင်နေ့စား လုပ်ကိုင် ကြသူများမှာလည်း ရွှေတွင်း ပိုင်ရှင်များမပြေလည်မှုကြောင့် နေ့စားလုပ်ခပင်ပြည့်ပြည့်ဝဝ မရရှိကြသည်ကိုတွေ့ ရှိရပါသည်။ ပြည်တွင်းကျောက်စိမ်းစျေးကွက်ပျက်မှုဖြစ်၍ ရောင်းရေးဝယ်မှုမ ကောင်းမှုကြောင့် ဒေသထွက်ကုန်များဖြစ်သည့် ငါး၊ ပုဇွန်ဆိတ်၊ ကြက်၊ ဝက်နှင့် ဟင်းသီးဟင်းရွက်များစျေး ကျပါသည်။ ဒေသထွက်ကုန်များ၏ စျေးကွက်သည် ကျောက်စိမ်းမှော်ကို အဓိကအားထား နေရပါသည်။

ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၁၁၀)၏ (၃၀)%ဖြစ်သော (၃၃) အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ(၁၅)%မှာ သူတပါးထံမှချေးငှားပြီး နပ်မှန်အောင်စားသုံး ရကြောင်းနှင့် အိမ်ထောင်စု (၁၈)စု (၈.၄၁)%မှာ (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံမှုရှိပြီး အိမ်ထောင်စု (၈၆)စု (၄၀.၁၈)%မှာ (၁)နှစ်စာ ဝမ်းစာဖူလုံမှု ရှိကြပါသည်။ အကြွေးတင်ရှိမှုတွင် အနည်းဆုံး တစ်သိန်းကျပ်မှ အများဆုံးကျပ်သိန်းနှစ်ရာ ကျော်ရှိသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စုအားလုံး၏ (၂)%ခန့်သည်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ပြီး၊

မိသားစုအတွင်းမှ ယစ်ဆေးဝါးသုံးစွဲသူများရှိခြင်းကြောင့် ဖြစ်ရကြောင်း တွေ့ရှိရသည်။ ပြင်ပသို့သွား ရောက်ပြီးရွှေတွင်းထောင်ထားသူ (၂)အိမ်ထောင်မှာ ကြွေးမြီသိန်းရာပိုင်းအထိတင် ရှိကြောင်းတွေ့ရပါသည်။ လယ်သမားအများစုသည် စိုက်ပျိုးရေး ဘဏ်မှ ထုတ်ချေး ပေးသည့် (၁)ဧက (၁၅၀၀၀၀)%နှင့် အနည်းဆုံး (၁၀)ဧကအတွက် ထုတ်ယူထား၍ (၁၅)သိန်းနှင့် သမဝါယမချေးငွေ (၅)သိန်း (၂၀)ခန့်ကြွေးမြီတင်ရှိမှုရှိပြီး၊ လယ်ထွန် စက်နှင့်လယ်ပဝါ အထောက်အကူပြုပစ္စည်းဝယ်ယူထားသူများသည် ကြွေးမြီတင်ရမှု များပြားကြပါသည်။ မသန်မစွမ်းနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရသည့်အပိုင်း တွင် မရှိသလောက်ဖြစ်ပါသည်။ ကျေးရွာတွင်းရှိလူငယ်နှင့် လူလတ်ပိုင်းများသည် မူးယစ်ဆေးဝါကိုလွယ်ကူစွာ ဝယ်ယူရရှိမှုကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူအသင့် အတင့် များပြားပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး၊ ကျေးလက် ကျန်းမာရေး ဌာနခွဲ ရှိသဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကောင်းပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှုမရှိပါ။ ရွာသူ/သားများသည် ကျန်းမာရေးဗဟုသုတနည်းပါး ပါသည်။

အာဟာရဖြစ်စေသည့် စားသောက်မှုကိုနားလည်း သဘောပေါက်မှုမရှိကြပါ။ ကျန်းမာရေး ဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းနှင့် လူထုအကြားကျန်းမာရေး ဟောပြောမှုများ ပြားလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းရှိသက် လတ်ပိုင်းနှင့် လူကြီးများတွင် သွေးတိုးနှင့်နှလုံးရောဂါများ၊ ဘီးကျောက်ကပ်ကျောက် တည်မှုများအဖြစ်များပါသည်။ ဌက်ဖျား ရောဂါနှင့် တိုင်ဖွိုက်ရောဂါဖြစ်ပွားမှုမရှိ သလောက်ဖြစ်ပြီး ရိုးရိုးတုပ်ကွေးရောဂါနှင့် ကလေးငယ် များတွင်ဝမ်းပျက်ဝမ်းလျှောမှု အနည်းငယ်ဖြစ်ပွားသည်ကိုတွေ့ရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်မှု နှင့် ကလေးငယ်များကျန်းမာရေးစောင့်ရှောက်မှု အပိုင်းသည်အားကောင်းပြီး၊ ကာ ကွယ်ဆေးတိုက်ကျွေးမှုနှင့် ကာကွယ်ဆေးကိုပုံမှန်ပြုလုပ်ကြောင်းတွေ့ရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိပြီး၊ ရွာသားအများ စုသည် အရေးအဖတ်အတွက်တက်ကျွမ်းကြပါသည်။ အများစုသည်မူလတန်းပြီးမြောက်တွင် ကျောင်းထွက် မှုများပြားပြီး၊ အလယ်တန်းအဆင့်ပြီးစီးမှုသည် အတော် အသင့်ရှိပြီး၊ အထက်တန်း အဆင့်ပြီးစီး မှုနှင့် ဘွဲ့ရဦးရေနည်းပါးပါသည်။ ယခင်က အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးသည် ကျေးရွာအတွက် လက်လှမ်းမှီမှုဝေးကွာမှုကြောင့် ဘွဲ့ရများနည်းပါးသည်ကို တွေ့ရပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ တင်၍မိမိတို့ကျေးရွာရှိ ကျောင်းသည် အလယ်တန်း

ကျောင်းတက် ရောက် သူဦးများပြားလာပါသည်။ ဟဲပုကျေးရွာရှိ အလယ်တန်းကျောင်းသည် ၂၀၁၅-၂၀၁၆ခုနှစ်မှစတင်ပြီး အထက်တန်းကျောင်းခွဲဖြစ်လာပြီး ယခု၂၀၁၆-၂၀၁၇တွင် တက္ကသိုလ်ဝင်တန်းအထိ တိုးမြှင့်လာမှုကြောင့် အထက်တန်းကျောင်း အဆင့်ပညာ ရေးကိုလည်း လက်လှမ်းမှီလာပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက် အခွင့်အလှမ်းများ နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မရေးရာကိစ္စများတွင် တန်းတူညီမျှမှုအခွင့်အရေးရှိပါ သည်။ ကျေးရွာတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမရှိ သလောက် နည်းပါးပါသည်။ မူလတန်းအဆင့်ပညာရေးတွင် ကျားဦးရေသည် မဦးရေ ထက်ပိုမိုများပြားပြီး၊ အလယ်တန်းအဆင့်တွင် မဦးရေသည် ကျားဦးရေထက်ပိုမို လာပြီး၊ အထက်တန်းအဆင့်တွင် မဦးရေသည် ကျားဦးရေထက်အနည်းငယ် ပိုသော်လည်း၊ တက္ကသိုလ်တက်ရောက်မှုနှင့် ဘွဲ့ရပညာတက်မဦးရေသည် ကျားဦးရေ ထက်သိသိသာသာများလာသည်ကိုတွေ့ရ၍၊ မိန်းကလေးပညာတက် ဦးရေပိုမိုများ ပြားပါသည်။ ကျေးရွာတွင်သီးခြားနေ့စာလုပ်ငန်းများ၍ ကျား/မလုပ်အားခနှင့် ပတ်သက်ပြီးကွာဟမှုမရှိသည်ကိုတွေ့ရှိပြီး၊ အမျိုးသမီးနှင့် အမျိုးသားရောနှော လုပ်ကိုင်သည့် ကောက်စိုက်စပါးရိတ်နှင့် ပဲကောက်၊ ပဲနှုတ်လုပ်ငန်း များတွင်ဇကပြက် လုပ်ကိုင်ခြင်းနှင့် နေ့စားနှုန်းထားများတွင် ဝင်ငွေသည်တန်းတူညီမျှမှုရှိသည်ကို ယေဘူယအားဖြင့် တူညီသည် ကိုတွေ့ရပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများမပါသလောက်ဖြစ်ပါသည်။ အမျိုးသမီး၊ အမျိုးသားတန်းတူညီမျှမှုသည် ကျေးရွာအတွင်းတွင်ပြဿနာ မရှိသလောက်ဖြစ်သည် ကိုတွေ့ရပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းအနေနှင့် ဂေါပကအဖွဲ့၊ မယ်ခိန်(ခေါ်) အိမ်ထောင်ရှင်အမျိုသမီးများအဖွဲ့၊ အပျိုလူပျိုအဖွဲ့ယူ၍ လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ရှိပြီး ကိုယ်ပိုင်ရံပုံငွေများရှိပါသည်။ ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာ ရေးအပိုင်းတို့တွင် အတိုက်အလျှောက်ပူးပေါင်းဆောင်ရွက်မှုများ ရှိကြပါသည်။ အဖွဲ့ အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်ပြီးအားနည်းပါသည်။ သဘောထား အမြင်မတူမှုများရှိ၍ တချို့သောကျေးရွာဖွံ့ဖြိုးရေးကိစ္စများတွင်ပူးပေါင်းပါဝင်မှု အားနည်းပါသည်။ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့၊ ဘာသာရေးဆိုင်ရာ ဓမ္မစကြာအဖွဲ့၊ ပဌာန်းအဖွဲ့များဟူ၍ရှိပါသည်။ ကျေးရွာပိုင်းကျန်းမာရေး၊ နာရေး

အထောက်အကူပြုကား(၁)စီးနှင့် ဘက်စုံသုံးအပျိုလူပျိုအဖွဲ့ ပိုင်ကား(၁)စီး ရှိပါသည်။ ကျေးရွာနာရေးပိုင်းတွင် ယခင်ကစီမံ ထားခဲ့သည်တစ်အိပ်ငွေ (၅၀)%နှင့် ဆန်(၁) ပြည်သက် မှတ်ချက်သည်ယခုထိ အစဉ်အလာကို ထိန်းသိမ်းလာမှုကြောင့် တစ်အိပ်(၁၀၀၀)% နှင့် ဆန်(၁)ပြည်သည် နှုန်းထိရှိလာပြီး၊ နာရေးအတွက်အတိုက် အလျှောက်ပံ့ပိုးကူညီမှုရပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမှုသည်အများဆုံးဖြစ်ပြီး (၁၃၄၉.၀၈)ဧကော စိုက်ပျိုးကြပြီး၊ မိုးစပါးအတွက်နှုန်းမှာ ပျမ်းမျှ(၅၀)တင်းခန့်ထွက်ရှိပါသည်။ ဆောင်း သီးနှံအဖြစ် ပဲပုတ် (၇၁၇.၀၈)ဧကစိုက်ပျိုးပြီး ပျမ်းမျှ(၇.၅) တင်းခန့်ထွက်ရှိသည်။ မြေပဲကိုလည်း (၁၀)ဧကခန့် စိုက်ပျိုးကြပြီးပျမ်းမျှ (၅.၅)တင်းခန့်ထွက်ရှိပါသည်။ ကြက်သွန်ဖြူနှင့် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးကြပါသည်။ စိုက်ပျိုးသီးနှံ များအတွက်နှုန်းတိုးစေရန်အတွက် ရေလုံလောက်စွာရရှိနိုင်ရေးအထွက်နှုန်းကောင်း သည့်မျိုးကောင်းမျိုးသန့်များရရှိရေးလိုအပ်လျက်ရှိပါသည်။ ဟဲပါးကြီးချောင်းသည် နည်းပါး၍ လုံလောက်မှုမရှိသည့်အတွက်၊ မိုးရေကိုသာအားကိုးရသည့်အတွက် စိုက်ပျိုးချိန်နောက်ကျခြင်း၊ အောင်ရေမရခြင်းတို့ကြောင့် စပါးအထွက်နှုန်းနည်းပါးပါသည်။ မြေအောက်ရရှိရေးအတွက် (၅)ပေါက်ကျင်းများတူးဖော်နိုင်ပါက သီးနှံအထွက်တိုးလာနိုင်ပါသည်။ ငွေရေးကြေးရေးအခက်အခဲနှင့် နည်းပညာအခက်အခဲရှိပါသည်။ စိုက်ပျိုးရေးဦးစီး ဌာနမှ နည်းပညာဝန်ဆောင်မှု အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးနိုင်ပါက ပိုမိုကောင်းလာနိုင်ပါသည်။ စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ တောင်သူများ အတွက် ဝန်ဆောင်မှုပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းအတွက် စိုက်ပျိုးချိန်တွင် ဈေးနှုန်းမြင့်မားလာမှုကြောင့် ကုန်ကျစရိတ်မြင့်မားရသည်။ ရိတ်သိမ်းချိန်တွင်လည်း အလုပ်သမားဈေးမြင့်မားလာမှုကြောင့် ရိတ်သိမ်းစက်များလိုအပ်လျက်ရှိပါသည်။ ရိတ်သိမ်းစက် တွင်လည်း တွန်ဒါတင်ထားသည်။ လက်တွန်းရိတ်သိမ်းစက်များကို ကျေးရွာရှိ လယ်သမား အများစုက ကြိုက်နှစ်သက်ကြပါသည်။ ငွေကြေးမတတ်နိုင် သည့်အတွက် အခက်အခဲများရှိပါသည်။ ဓာတ်မြေဩဇာသုံးစွဲမှုများလာခြင်းအတွက် စနစ်ကျစွာ သုံးစွဲတတ်ရေးအတွက် ကျေးရွာအရောက် ဟောပြောပို့ချမှုများလိုအပ်ပါသည်။ ပဲပုတ် စိုက်ပျိုးပြီးချိန်တွင် အဖျက်ပိုးအမျိုးမျိုးကျရောက်ပါသည်။ အချို့ပိုးမွှားများ သည် ပိုးသတ်ဆေးခံနိုင်မှုများရှိပါသည်။ ပိုးသတ်ဆေး သုံးစွဲမှုတွင် ယခင်ကတဖက်နိုင်ငံမှ ဝင်ရောက်လာသည်ကိုဆေးဝါးများသည် မြန်မာစာ အညွှန်းမပါရှိ၍ အရမ်းသုံးစွဲရမှုများရှိ၍ထိရောက်မှု မရှိသည်ကိုတွေ့ရှိရပါသည်။ ထိရောက်သည့်ဆေးဝါးများသုံးစွဲနိုင်ရေးအတွက် အရေးကြီးပါသည်။ ပိုးသတ်ဆေးသုံးစွဲမှုတွင် လူအန္တရာယ်မဖြစ်စေရေးအတွက်

အများစုသည်အကာအကွယ်ယူမှု အားနည်းပါသည်။ ပဲပုတ်နှင့် မြေပဲစိုက်ပျိုးမှုတွင် ကြွယ်ဖျက်စီးမှုသည်လည်းအသင့်တင့်ရှိပါ သည်။

ကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူမှုများရှိ၍ ယခင်ကကျောက်မှော်တွင် အရောင်းအဝယ်ကောင်း၍ မွေးမြူရေးအတွက် အမြတ်အစွန်းများကြပါသည်။ တိရစ္ဆာန်အစားအသောက် ရှားပါးမှုရှိ၍ အခက်အခဲရှိပါသည်။ မွေး/ကုဋီးစီးဌာနမှ ရောဂါကာကွယ်ရေးနှင့် နည်းပညာပိုင်းဆိုင် ရာပံ့ပို့ကူညီမှုမရှိသလောက်ဖြစ်ပါသည်။ မွေး/ကုဋီးစီးဌာနမှ အခြေခံကုသရေး ဆိုင်ရာနည်းပညာများကို သင်တန်းဖွင့်လှစ်ပေးလျှင် ကျေးရွာတွင်းမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်နိုင် ပါသည်။

ဆက်သွယ်ရေးမိုဘိုင်းဖုန်းကောင်းမွန်သော်လည်း အများစုသည်လူမှု ဆက်သွယ်ရေး ဝန်ဆောင်မှုများပြီး စျေးကွက်ဆိုင်ရာဝန်ဆောင်မှုအနည်းငယ် အသုံးပြုကြပါ သည်။ အင်တာနက် လိုင်းကောင်းမွန်ပြီး အသုံးပြုသူများပြားပါသည်။ သတင်းအချက်အလက်များရရှိပါသည်။ ရာဇဝတ် ပြစ်မှုနည်းပါးပြီး ခိုးမှုအနည်းငယ်လောက် သာရှိပါသည်။

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများ မှာ ဆိုင်ကယ် ကယ်ရီပို့ခြင်း၊ စျေးရောင်း၊ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းနှင့် NGO တို့တွင် ဝင်ရောက်လုပ်ကိုင်ကြသူများရှိပါသည်။ ရွှေမဥ္ဇူဘုရားပွဲ ကျင်းပချိန်တွင် ဘုရားဖူးခရီးသည်များ စက်လှေနှင့် သယ်ယူပို့ဆောင်ရေးသည်တွင်ကျယ်သည့် လုပ်ငန်းဖြစ်ပြီး၊ ရေဆိပ်တွင် စျေးရောင်းချသူများသည်လည်း အတိုက်အလျောက်ဝင် ငွေရရှိကြပါသည်။ အဓိကဝင်ငွေရ လုပ်ငန်းသည် ရေလုပ်ငန်းတံငါလုပ်ငန်းသည် ပုံမှန်ဝင်ငွေရလုပ်ငန်း ဖြစ်၍အိမ်ထောင်စု၏ (၃၅.၅၁)%သည် တံငါလုပ်သားများဖြစ်ကြပါသည်။ တံငါလုပ်ငန်းသည် ပိုက်စျေးကြီးမှု၊ လှေသမ္ဘာန်စပ်ရာတွင် စျေးကြီးမှုများကြောင့် ငွေရင်းငွေနှီးလိုအပ်မှုရှိပါသည်။ ရေလုပ်ငန်းတံငါများအတွက် စိုက်ပျိုးရေး လုပ်ငန်းကဲ့သို့ သမဝါယမအသင်းများမှ စျေးငွေထုတ်ချေးပေးလျှင် တံငါအများစုသည် ပြေလည်မှုရမည်ဖြစ်ပါသည်။ ကျပန်းလုပ်ကိုင် စားသောက်သူများသည့်အတွက် အသက်မွေးဝမ်းကျောင်းပညာများကို ယောကျားလေးဆိုင်ရာ၊ မိန်းကလေးဆိုင်ရာ သင်တန်းများပို့ချပေးလျှင် အလုပ်အကိုင် အခွင့်အလမ်းများကောင်း၍ ကျေးရွာဖွံ့ဖြိုး မှုပိုမိုတိုးတက်နိုင်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စိမ်ခန့်ခွဲမှု

ကျေးရွာရှိမြေပဝါများသည် မြေဆီဩဇာကောင်းမွန်သော်လည်း တောင်သူ လယ်သမားများသည်အထွက်တိုးစေရန် တဖက်နိုင်ငံထုတ်အရည်အချင်းမမှီသည့် ဓာတ်မြေဩဇာများကို ယခင်က

သုံးစွဲခဲ့မှုကြောင့် မြေဆီလွှာပျက်စီးမှုများရှိနိုင်ပါသည်။ ဆောင်းသီးနှံစိုက်ပျိုးရာတွင် သီးနှံဖျက်ပိုးကျရောက်မှုရှိပြီး၊ အချို့ပိုးမွှားကိုမသတ်နိုင် သည့်အပိုင်းများရှိနေပါသည်။ ကျရောက်သည့် ပိုးမွှားနှင့် သက်ဆိုင်သည့် ဓာတုဆေး ဝါးများသုံးစွဲနိုင်ရေးနှင့် အရည်အချင်းပြည့်မှီသည့် ပိုးသတ်ဆေးများ ရရှိရေးကို စိုက်ပျိုးရေးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။ အမှိုက်စွန့်ပစ်မှုတွင် စံနစ်တကျစွန့်ပစ်မှုအားနည်းပါသည်။ ပလတ်စတစ်အမှိုက်များ သည်ပိုမိုတိုးပွားပါသည်။ သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး (သစ်တောဦးစီးဌာန) အဖွဲ့ရှိပါသည်။ ပညာပေးဟောပြောမှု အတိုက်အလျှောက်ရှိပြီး အမှိုက်ကောက်မှုလုပ်ငန်းမျိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုင်ပင် ပြီး ရက်သတပတ်လှူပ်ရှားမှု(သို့) လတိုင်းလှူပ်ရှားမှုမျိုးကိုလူထုနှင့် ပူးပေါင်းပြီးဆောင်ရွက် သင့်ပါသည်။

တခါတရံရေကြီးမှုကိုကြုံတွေ့ရသော်လည်း လူတိရစ္ဆာန်အန္တရာယ်ဖြစ်မှုနည်း ပါးပါသည်။ အင်းနံဘေးရှိလက်ယာစိုက်ခင်းများသာပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရပါ သည်။ မိုးဦးကာလတွင် လေပြင်းမုန်တိုင်းများကျရောက်တက်ပါသည်။ တချို့တလေနှစ်တွင် ပြင်းထန်သည့် ကုန်းတွင်း မုန်တိုင်းများကျရောက်တက်၍ ဖျက်စီးဆုံးရှုံးမှုများ ရှိတက်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာရှိတောင်သူများအား မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်သည် ယခုနှစ် မှစတင်ပြီး (၁)ဧကတစ်သိန်းခွဲနှုန်းဖြင့်အများဆုံး (၁၀)ဧကအထိအစျေးပေး၍ တနှစ်အတိုးနှုန်းမှာတိုးဖြစ်ပါ သည်။ သမဝါယငွေစုငွေချေးမှလည်း တောင်သူတစ်ဦးလျှင် ကျပ်ငါးသိန်းကိုတနှစ်အတိုးနှုန်း ဖြင့်ချေးပေးပါသည်။ ကျေးရွာရှိ လယ်သမားအများစုသည် ဧကအများအပြားပိုင်ဆိုင်ကြသည်။ အလျှောက်လယ်ယာ စိုက်ပျိုးရေးအတွက် လုံလောက်သည့်ပမာဏမဟုတ်၍ ပြင်ပမှအတိုးနှုန်းတလ (၁၅)%မှ(၂၅)%နှုန်းထိ ချေးယူကြရပါသည်။ အချို့မှာနောင်ပေးစပါးရောင်းချ ကြရပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများမှရံပုံငွေများရှိ၍ (၁၀၀)%လျှင်အတိုးနှုန်းရှိဖြင့်ချေးပေးပြီး (၃)လတ ပြတ်အတိုးကောက်ယူမှုကြောင့် အတိုးနှုန်းမြင့်မားပါသည်။ ၄င်းချေးငွေကိုချေးယူသူ များပြားသော ကြောင့် တဦးလျှင် အများဆုံးတစ်သိန်းကျပ်လောက်သာ ချေးပေးနိုင်ပါ သည်။ အတိုးနှုန်းနည်းပါး ပြီးအသေးစားမွေးမြူရေးလုပ်ငန်းရက်တိုသည့် အသားတိုး ကြက်မွေးမြူရေး လုပ်နိုင်သည့် ငွေကြေးပမာဏများကိုချေးယူပေးလျှင်ကျေးရွာဖွံ့ ဖြိုးရေးအတွက် အထောက်အကူဖြစ်နိုင်ပါသည်။

ရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးနှင့် တခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်)နှင့် ချေးယူကြပါသည်။ ကျေးရွာ ချေးငွေယူသူများကြပါသည်။

ဆင်းရဲနှင့် အလွန်ဆင်းရဲမိသားစု များသည် ချေးငွေချေးယူထားကြပြီး၊ အချို့ရွေ၊ ကျန်းမာရေး၊ ပညာရေးနှင့် တခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်)နှင့် ချေးယူကြပါသည်။ ကျေးရွာတွင်ငွေလိုအပ်၍ချေးငွေယူသူများကြပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲမိသားစုများသည် ချေးငွေချေးယူထားကြပြီး၊ အချို့ရွေလုပ်ငန်းရှင်များနှင့် လယ်ကေများပြီးမပြည့်စုံသည့် တောင်သူများသည် သိန်းရာချီနှင့် သိန်းဆယ်ကြီးပိုင်း အထိတင်ရှိနေကြောင်း တွေ့ရှိရပါသည်။ အချို့လယ်သမား များသည် လယ်ယာအထောက်အကူ ပြုစက်များ ကိုကျဝယ်ယူကြပါသည်။ စပါးအထွက်ညံ့ ၍သော်ငှင်း၊ စပါးဈေးမကောင်းလျှင်သော် ငှင်း၊ စပါးချေးပေးသူ၊ စပါးစုဆောင်း ထားသူများက လယ်ယာမြေအပေါင်းထား၍ စပါးခွဲတိုး၊ (၆)ပြည်တိုးနှုန်းဖြင့် ချေးယူကြရပါသည်။ လယ်သမား အချို့သည် စပါးကိုရာပိုင်း၊ ထောင်ပိုင်းအထိ ချေးယူထားကြသူများရှိပါသည်။ လယ်သမား အိမ်ထောင်စု(၂၈.၉၁)%သည် ဝမ်းစာမဖူလုံမှု ကိုကြုံတွေ့နေရပါသည်။ သားယောကျ်ားလေး ရှိသူများသည် မင်္ဂလာဆောင်ခြင်းအတွက် ကွမ်းဖိုးတင်ရခြင်းသည်လည်း အလွန်ဆင်းရဲမှုကိုဖြစ်စေပါသည်။ မတတ်နိုင်သည့် ယောကျ်ားလေး ရှင်သည် အနည်းဆုံးမင်္ဂလာ စရိတ်ဒေသအခေါ် ရှမ်းငြိမ်းသိန်း တစ်ဆယ် ကျော်ခန့်ရှိပြီး၊ တတ်နိုင်သည့်ယောကျ်ားလေး ရှင်များကမူ မင်္ဂလာ စရိတ်ဒေသအခေါ် ရှမ်းငြိမ်းသိန်း သုံးဆယ်ကျော်မှ လေးဆယ်နီးပါးအထိ ကုန်ကျမှုကြောင့် အချို့ လယ်သမားများသည် လယ်ပျောက်၊ ယာပျောက်နှင့် မြေယာမဲ့များသည် အိမ်ပျောက်ရသည်များ ရှိသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ၂၀၁၆-၂၀၁၇ပညာသင်နှစ်မှစတင်ပြီး အလယ်တန်းခွဲအဖြစ် အဋ္ဌမတန်း ထိသင်ကြားပေးနေပါသည်။ အလျားဘုဝပေ၊ အနံ့ဝဝပေ အမြင့် ၁၂ပေအရွယ်ရှိ၊ အုတ်ညှပ် တထပ်ဆောင်ဖြစ်ပြီး၊ သွပ်မိုး၊ အင်္ဂတေအခင်းဖြစ်ပါသည်။ ယာယီကျောင်းဆောင်သည် အလျား ၆၀ပေ၊ အနံ့၈ပေနှင့် အမြင့်၁၂ပေရှိ မြေစိုက် ကျောင်းဖြစ်ပြီး၊ အလယ်တန်း၆၊ ၇၊ ၈တန်းများ သင်ကြားပါသည်။ ပညာရေးဝန်ကြီးဌာနတွင် အလျား၁၂၀ပေ၊ အနံ့ဝ၀ပေနှင့် အမြင့်၁၂ပေ အုတ်ညှပ်တစ်ထပ်ဆောင်၊ အင်္ဂတေအခင်း၊ သွပ်မိုးတစ်ဆောင် တောင်းထားပါသည်။ စာမတတ် သူအသက်အရွယ်ကြီးသည့် အမျိုးသမီးကြီးများ(၀.၈၂)%ရှိပါသည်။ အများအားဖြင့် အရေးအဖတ် အတွက် တက်ကြပြီး(၅.၂၁)%မှာ ဘုန်းကြီးကျောင်းနေသူများဖြစ်ကြပြီး အများစုမှာ မူလတန်း အဆင့်မပြီးမြောက်သူနှင့် မူလတန်းအဆင့်ပြီးမြောက်သူများ ဖြစ်ကြပြီး(၂၄.၈၄)%နှင့် (၄၇.၉၅)% ထိရှိပါသည်။ အလယ်တန်းအဆင့်ပြီးသူမြောက် သူများမှာ(၁၄.၈၉)%ရှိပြီး၊ အထက်တန်း အဆင့်ပြီးမြောက် (၃.၃၈)%ရှိပြီး တက္ကသိုလ်တက်ရောက်နေသူ(၂.၄၇)%နှင့် ဘွဲ့ရပြီးသူ (၂.၉၁)% ရှိ၍ ပညာတတ်နည်းပါးပါသည်။ ယခင်၁၉၈၈ခုနှစ် မတိုင်ခင်က ကျေးရွာအုပ်စုတွင်းရှိ

ကျောင်းများသည် မူလတန်းအဆင့်ကျောင်းများဖြစ်ပြီး၊ အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်ကို နန့်မွန်းကျေးရွာ၊ ဟိုပင်၊ နန်းမား၊ မိုးညှင်းမြို့များ သို့သွားရောက်သင်ကြား ရမှုများကြောင့် ငွေကြေးတတ်နိုင်သည့်မိဘများ၏ သားသမီးများသာပညာသင်ကြားနိုင်ပါသည်။ ယခုနောက်ပိုင်းဟဲပု ကျေးရွာသည် န.အ.ဖ၊ န.ဝ.တ ခေတ်တွင် အလယ်တန်းကျောင်း ဖြစ်လာ မှကြောင့် အလယ်တန်း သင်ယူ နိုင်ကြသော်လည်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် မူလတန်းအဆင့် ပြီးမြောက်ပြီး နောက်ကျောင်းထွက်သူများပြားပါသည်။ အထက်တန်းအဆင့်ကို နန့်မွန်းနှင့် အချို့မြို့များသို့သွား ရောက်ကြရာတွင်လည်း ငွေကြေးတတ်နိုင်သူများသာ တက်ရောက် နိုင်ကြ၍ ပညာရေးနှင့်လက် လှမ်းဝေးကြရပါသည်။ ယခုမိမိတို့ ကျေးရွာသည် အလယ်တန်းခွဲ ဖြစ်လာပြီး ၂၀၁၅-၂၀၁၆ခုတွင် တွဲဖက်အ.ထ.ကအဖြစ် ဟဲပုရွာတွင်စတင်ဖွင့်လှစ်နိုင် ပြီး ၂၀၁၆-၂၀၁၇ခုတွင် တက္ကသိုလ်ဝင်တန်း အထိ သင်ကြားပေးနေပြီး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာ၍ အထက်တန်းအဆင့် ပညာသင်ယူသူများအထိုက်အလျောက်ရှိလာပါသည်။

ကျေးရွာ၏ ကျန်းမာရေးသည်ကောင်းမွန်ကြပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးရွာတွင်လွန်ခဲ့သော(၁၀)နှစ်ခန့်ကပင် ဖွင့်လှစ်ခဲ့ခြင်း ကြောင့် ကိုယ်ဝန် ဆောင်မိခင်သေဆုံး မှုနှင့် တစ်နှစ်အောက်ကလေး သေဘေးက် မှုနှုန်းထားကို လျော့ချနိုင်ခဲ့ပါသည်။ အသေအပျောက်များ သည့်ကာလဝမ်းလျှော့ ရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါ၊ ဂျပန်ဥနှောက်အမှေးရောင်ရောင်ဂါ တို့သည် မဖြစ်ပွားသလောက်ကိုဖြစ်ပါသည်။ တိုက်ဖွိုက်ရောဂါနှင့် ဌက်ဖျားရောဂါတို့သည် မဖြစ်ပွား သလောက်ကို ဖြစ်နေပါသည်။ သာမန်ဝမ်းပျက် ဝမ်းလျှော့ ရောဂါနှင့် ရိုးရိုးသာမန်တုပ်ကွေးရောဂါ လောက်သာဖြစ်ပွားပါသည်။ HIV-AIDS ရောဂါသည် (၆)ဦးခန့်ရှိပြီး ARTဆေးကို စနစ်တကျ လုံလောက်စွာသုံးစွဲရပါသည်။ ၄င်းရောဂါဖြစ်နေ ကြသူများသည် မူးယစ်ဆေးဝါးသုံးစွဲသူ ခင်ပွန်းဖြစ်သူထံမှ ကူးစက်လာကြသူများ ဖြစ်ကြပါသည်။ ကြက်၊၄က် တုပ်ကွေးရောဂါမဖြစ်ပွားပါ။ T.Bရောဂါ သည်မရှိပါ။သက်ကြီးပိုင်းအချို့ တွင်သွေးတိုး နှလုံးနှင့် သွေးချို၊ဆီးချိုဖြစ်ပွားသူများ ပါသည်။ လူလတ်ပိုင်းတွင်လည်း သွေးတိုးရောဂါဖြစ်ပွားသူ ပိုမိုများပြားလာသည်ကိုတွေ့ရှိ ရပါသည်။

ကျေးရွာတွင်းသောက်သုံးရေကို ရေတွင်း(၂၇)တွင်း၊လက်နှိပ်တုံကင်တွင်း ၆၄တွင်း၊ အဝီစိရေတွင်း ၄ တွင်းနှင့်အင်းရေသုံးစွဲသူ များပြားသည်။ လက်နှိပ်တုံကင် တွင်းနှင့် အဝီစိရေ တွင်းများမှ ရေများသည် ရေအနံ့ရှိပြီး ညသိပ်ထားပါကရေဆီ တက်ခြင်းများရှိသည်။ ၄င်းရေကို သောက်သုံးရန်သင့်မတင့် ဓါတ်ခွဲစမ်းသပ်မှုလိုအပ် ပါသည်။အင်းရေသည်လည်း ယခုအချိန်တွင် ပါတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် သုံးစွဲရန်သင့်မတင့်ကို ဓါတ်ခွဲစမ်းသပ်ပြီး သောက်သုံးရန်သင့် မတင့်ကို ကျန်းမာရေးဌာနမှ ထုတ်ပြန်ကြေညာပေးသင့်ပါသည်။

ပါတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် အားနည်းပါသည်။ သစ်တောစိမ်းလန်းအဖွဲ့မှ

ပါတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ကောက်ခြင်းကိုလာရောက် လုပ်ဆောင်ပေးမှုရှိသော် လည်းစဉ်ဆက်မပြတ် လုပ်ဆောင်မှုအားနည်းပါသည်။ အသိပညာပေးဟောပြောမှု များများ ပြုလုပ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းဆရာ/ ဆရာမတို့နှင့် ပူးပေါင်းပြီး ရက်သတ္တ ၁ပါတ်စဉ် ဆက်မပြတ် အမှိုက်ကောက်မှုကို ပြုလုပ်နိုင်လျှင် ပါတ်ဝန်းကျင်သန့်ရှင်းလာနိုင်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် အပျိုလူပျို အဖွဲ့အစည်းရှိပြီး၊ကျေးရွာရှိ အရွယ်ရောက်ပြီးသူ တိုင်းအဖွဲ့ ဝင်ဖြစ်ကြသည့်အတွက် အင်အားတောင့်တင်းပါသည်။ ရန်ပုံငွေတောင့်တင်းမှုရှိပြီး ကျေးရွာ၏ သာရေး၊နာရေးနှင့်ဘာသာရေးအပိုင်းတို့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြသည်။ လူငယ်များ အပန်းဖြေအနားယူနိုင်သည့်သီးသန့်နေရာမရှိပါ။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများသီးခြားဆောင်ရွက်မှုမရှိပါ။ ဘက်စုံသုံးသည့် လိုက်ထရပ်ကား (၁)စီးပိုင်ထား ပါသည်။ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပကြပြီး တန်းခူးလတွင် သက်ကြီးပူဇော်ပွဲနှင့် ဥပုတ်သည်များ အား ဆွမ်းကျွေးခြင်းနှင့် တော်သလင်းလနှင့်သီတင်းကျွတ်လတွင် ဥပုတ်သည်များအား ဆွမ်းကျွေး မှုပြုပါသည်။ ရှမ်းနီစာပေနှင့်ရှမ်းနီယဉ်ကျေးမှုဖော်ထုတ်ရေးတွင်လည်း တက်ကြွစွာပါဝင်လှုပ်ရှား ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

မိမိတို့ကျေးရွာမှ ၂၀၀၇၊၂၀၀၈ ခုနှစ်တွင် စတင်ပြီး ကျောက်ချောလမ်းအဖြစ် စီမံချက်ချပြီး ၂ မိုင်ကျော် ၃ မိုင်ခန့်ကို စတင်ပြုလုပ်ခဲ့ပြီး၊၂၀၀၉/၂၀၁၀ ခုနှစ်ထိ ယင်းလမ်းပိုင်းအား (၃)နှစ်ကာလ ဆက်တိုက် ထပ်ပိုးလွှာခင်းခြင်းနှင့် ကျောက်ချခြင်းများပြုလုပ်ပြီး ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၃/၁၄ခုနှစ်တွင် စည်ပင်သာယာမှ ထပ်ဆင့်ပြီး အမာခံကျောက်များမြှပ်နှံပြီး ကျောက်ထပ်ခင်းပါသည်။ ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ် သော်လည်း၊ ကျောက်ကြီးများပေါ်လာသည့်ကြောင့် ကျောက်ကြမ်းလမ်းဖြစ်နေပါသည်။ ကျေးရွာ တွင်းရှိ လမ်းများမှာလည်း ကျောက်ခင်းလမ်းဖြစ်ပါသည်။ ရေလမ်းအသုံးပြုမှုနည်း ပါးပြီး ရွှေမဉ္ဇူဘုရားပွဲကာလတွင်သာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းရှိပါသည်။ နာရေးကူညီရေးကား (၁) စီးနှင့် အပျိုလူပျိုအဖွဲ့ပိုင်ကား (၁)စီးနှင့်တရုတ်လုပ်ဒရန်ပါ ကား (၂)စီးနှင့် ကိုယ်ပိုင်အိမ်သုံးယာဉ် (၁)စီးရှိပါသည်။မော်တော်ဆိုင်ကယ်ကို တွင်ကျယ်စွာ အသုံးပြုမှုရှိပြီး (၂၁၂)စီးရှိပြီး၊စက်ဘီး (၁၂၆) စီးရှိပါသည်။အပျိုလူပျိုအဖွဲ့မှ မီးစက်တည်ထောင်ပြီး တစ်ညလျှင် (၃)နာရီ မီးထွန်းပေးမှုကို ၂၀၀၀/၂၀၀၁ ခုနှစ်လောက်က စတင်ပြီးလျှပ်စစ်မီးပေးပါသည်။၂၀၁၆/၂၀၁၇ ခုနှစ် ဇွန်လမှစတင်ပြီး မဟာဓါတ်အားလိုင်းနှင့် ဆက်သွယ်ပြီး အိမ်ထောင်စုပေါင်း၏(၅၈.၈၈%)သည် (၂၄)နာရီ မီးရရှိပြီ ဖြစ်ပါသည်။ မိုဘိုင်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်

လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။ အင်တာနက်လိုင်းအားကောင်း၍ အသုံးပြုသူအသင့်အတင့် ရှိပါသည်။ စာကြည့်တိုက်မရှိ၊ ယခင်တည်ထောင်ထားသည့် ကျေးရွာစာကြည့်တိုက် သည်ဆက်လက် ထိန်းသိမ်း စောင့်ရှောက်မှုအားနည်းမှုကြောင့် ပျက်စီးသွားပြီဖြစ်ပါသည်။ စာကြည့်တိုက်ဆက်လက် တည်ထောင်ရန်ညှိနှိုင်းပြီးဖြစ် ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ကြီးမားသည့်ရာဇဝတ်ဖြစ်မှုများမရှိပါ၊ ခိုးမှုလောက်နှင့် မူးယစ်ဆေးဝါး ပြဿနာရှိပါသည်။ သောင်းကျန်းသူများအရပ်ဝတ်ဖြင့် သွားလာမှုရှိ သော်လည်း ကျေးရွာအား ဒုက္ခပေးမှုမရှိပါ။ မိမိကျေးရွာသည် အတိုက်အလျှောက် အေးချမ်းတည်ငြိမ်သည့် ကျေးရွာဖြစ် ပါသည်။ ရှမ်းနီလူမျိုးများအနေများသည် ကျေးရွာဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များပြားပြီး ဘာသာတရား ၏အောက်တွင် အေးချမ်းစွာ နေထိုင်ကြသူများဖြစ်ပါသည်။ ရဲစခန်းနှင့်တပ်မတော်စစ် စခန်းများ သည် အင်းတဖက်ကမ်းတွင်ရှိ၍ လွယ်လင့်တကူဆက်သွယ်နိုင်မှုမရှိပါ။ မူးယစ်ဆေးဝါးကို အမြစ် ပြတ်ချေမှုန်းနိုင်ခြင်းမရှိပါ။ မူးယစ်ဆေးဝါးနှင့် ပါတ်သက်ပြီး တရားဥပဒေစိုးမိုးမှု အားနည်းပြီး၊ ထိရောက်သည့်နှိမ်နှင်ဆောင်ရွက်မှု အားနည်းပါသည်။ ကျေးရွာတွင် (၃)လုံးထီရောင်းချခြင်းကို လုံးဝပိတ်ပင်ထားပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဟဲပါးကျေးရွာသည် ပထဝီဝင်အနေအထားအရ အင်းတော်ကြီးဒေသတွင်တည်ရှိပြီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်နှင့် အင်းတော်ကြီးအရှေ့ကမ်းလမ်း ကိုဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး၊ တစ်နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ ဟဲပါးကျေးရွာ နှင့်အနီးဆုံးစျေးမှာ ဟဲပါးကျေးရွာစျေးဖြစ်ပြီး၊ ရွှေထည်ပစ္စည်းမှလွဲပြီး အမယ်စုံလင်စွာရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ် ပါက နန့်မွန်းစျေးသို့ အလွယ်တကူသွား ရောက်ဝယ်ယူရရှိ နိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်း သက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ ရသနှင့် သတင်းအစုံအလင် အား တီဗွီဖန်သားပြင်မှကြည့်ရှုနိုင်ခြင်း စသောလူနေမှု အဆင့်အတန်းမြင့်မား ရေးလာရေးအတွက် အထောက် အကူ ပြုနေသည်။

လူဦးရေအားလုံး၏ (၇၃%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှု နှင့်သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကိုလေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်း အမြစ်များကို တိုးတက်ကောင်းမွန်စေ ပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင် မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း ဟိုပင်တိုက်နယ်ဆေးရုံ၊ မိုးညှင်း ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့ အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များသည် လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပပုဂ္ဂလိက ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစား လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးစံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များ အားအချိန်နှင့် တစ်ပြေးညီ ရရှိစေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ စပါး၊ နှမ်း၊ ငှက်ပျော၊ ကွမ်း၊ နန္နင်းနှင့်သရက်တို့ကို အဓိကစိုက်ပျိုးကြပြီး၊ ငပြောင်ဆည်မှ တစ်နှစ်ပတ်လုံး ဆည်ရေရရှိနိုင်ကြခြင်းသည် သီးနှံ စိုက်ပျိုးမှုအား လွန်စွာအထောက်အကူဖြစ်စေပေသည်။ မြေဆီဩဇာထက်သန်သောကြောင့် ဟဲပါးကျေးရွာမှ စိုက်ပျိုးသောနှမ်းအမျိုးအစားမှာ ထိုဒေသတစ်ဝိုက်ပါအောင်မြင်ကျော် ကြားမှုရှိပေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက် အလက်များ အတွက်ချိတ်ဆက် အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများ အပြား မတွေ့ရှိရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်း ကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံမတိုး ချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်း သိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိမရှိပေ။ ကျေးရွာတွင်မူလတန်း ကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင် မှာအရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေး များအတွက် ၂ မိုင်ခန့် ကွာဝေးသော သံရွာကျေးရွာတွင် သွားရောက်သင်ယူကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (သံရွာတိုက်နယ်ဆေးရုံ၊ မင်းစုတိုက်နယ်ဆေးရုံနှင့် မိုးညှင်းမြို့ ဆေးရုံများသို့) သွားရောက် ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာအားဖွံ့ဖြိုး တိုးတက်ရေးအတွက် (၅)နှစ်တာကာလကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်။

က.၁ မိမိတို့ကျေးရွာသည် လယ်ယာသားငါးကဏ္ဍတွင် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အသက်မွေး ဝမ်းကျောင်းသင်တန်းများ ကျေးရွာအရောက်ဖွင့်လှစ်နိုင်ရန် ကြိုးစားပြီး၊ ဝင်ငွေရလုပ်ငန်းများ ရရှိအောင်ဆောင်ရွက်ရေး၊ အလုပ်လက်မဲ့ဦးရေလျော့ချနိုင်ရေးနှင့် တနိုင်တပိုင်စီးပွားရေးလုပ်ငန်း များ ပေါ်ပေါက်လာရေးတို့ကိုဆောင်ရွက်မည်။

က.၂ ဘွဲ့ရပညာတတ်နည်းပါးသည်အတွက် ပညာတတ်လူငယ်လူရွယ်များ များများမွေးထုတ် နိုင်ရန် တဖက်မှကြိုးစားရင်းနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလှမ်း ကောင်းများရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာကို ပိုမိုတတ်မြောက်လာစေရေး တို့ကို ပိုမိုဆောင်ရွက်မည်။

က.၃ ကျေးရွာ၏အလုပ်လက်မဲ့ဦးရေကို လျော့ချနိုင်ရန်နှင့် အလုပ်အကိုင်အခွင့် အလှမ်းကောင်း များရရှိနိုင်ရန် ဆောင်ရွက်ရင်းဖြင့် မိသားစုဝင်ငွေတိုးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် ဆောင်ရွက်ရန်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါအကောင် အထည်ဖော်မှု များကို ဆောင်ရွက်သွားမည်။

ခ.၁ ကျေးရွာတွင် အဓိကအသက်မွေးမြူရေးလုပ်ငန်းဖြစ်သည့် လယ်ယာရေလုပ် သားတံငါနှင့် တနိုင်တပိုင်းမွေးမြူရေးအတွက် အဓိကထားကြိုးစားရပါမည်။ ၄င်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ မှသာလျှင် အလုပ်လက်မဲ့ဦးရေကို လျော့ချနိုင်ပြီး၊ ကျပန်းလုပ်ကိုင်စားသောက်သူနည်းပါး လာပါ မည်။ အရင်းအနှီးငွေ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ကြိုးစားရပါမည်။ အသေးစားငွေကြေး လုပ်ငန်းနှင့် ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေ၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ပူးပေါင်းရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက် ထားသူများက ကျေးရွာတွင်ဆင့်ပွားသင်တန်းများပေးပြီး နည်းပညာဖြန့်ဖြူးခြင်းကို ဆောင်ရွက်စေ ပြီးလက်တွေးလည်း အကောင်အထည်ဖော် ဆောင်ရွက်စေမည်။

ခ.၂ အသက်မွေးဝမ်းကျောင်းပညာများ ရရှိစေရေးအတွက်အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုးနှင့် လက်မှု ပညာများ ဒေသထွက်ပစ္စည်းများနှင့် ပြုလုပ်နိုင်သည့် မုန့်လုပ်ငန်း၊ ကားစက်ပြင်မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ထွန်စက်မောင်းသင်တန်းများ ဖွင့်လှစ်ပေးပါက သင့်တော်သည် သင်တန်းသားများတက်ရောက်နိုင်ရေးကို စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သားများအတွက် ကျွမ်းကျင်မှုကိုဖြစ်စေပြီး၊ ဝင်ငွေရလုပ်ငန်းများ တူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစဉ်နှင့် ချိတ်ဆက် ဆောင်ရွက်မည်။ ပြင်ပတွင်အလုပ်အကိုင်ရှာဖွေပေးမည်။

ခ.၃ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းအဖြစ်တိုးမြှင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်မည်။ ပညာတတ်လူငယ်များပိုမိုများပြားလာစေရေး၊ ပညာတတ်များ ပေါများလာပါက အသိအမြင်ကြွယ်ဝပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရမည်။

ခ.၄ ကျေးလက်အဆောက်အဦများ အသုံးပြုစီမံခန့်ခွဲမှု၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင် စွမ်းကို လည်းတိုးတက်အောင်ဆောင်ရွက်မည်။ ကျေးရွာတွင် လမ်းတံတား များပိုမိုကောင်းမွန် ရေးကို ဆောင်ရွက်မည်။ ကျေးရွာလူမှုအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှု အားနည်းခြင်းနှင့် အဖွဲ့အစည်းအလိုက်ရပ်တည်ချက်၊ လုပ်ဆောင်ချက် များသဘောကွာဟချက်များကို ညှိနှိုင်း ဆောင်ရွက်အဖြေရှာပြီး၊ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် စိတ်ပါဝင်စားမှုရှိလာရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အကြံဖြင့်နိုင်ငံတော်မှတဆင့် မှသည် ဒေသဆိုင်ရာအဆင့်တို့မှ တဆင့်မိမိတို့ကျေးရွာ အဆင့်အထိ ပံ့ပိုးမှုပေးနိုင်သည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသကဲ့သို့ ငွေကြေးအရင်းအနှီးသည်လည်း အရေးပါပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည် ဖြစ်၍ နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီမှုသည် လွန်စွာအရေးကြီးပါသည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်စီစစ် ခြင်းဖြင့် အားနည်းချက်၊ အားသာချက်၊ ချို့ယွင်းချက်နှင့် အခြားလိုအပ်ချက်များကို တွေ့ရှိနိုင်ပြီး၊ ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ ဦးစားပေးစီမံချက်များကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ချက် ကာလအတွင်းပြီးစီးနိုင်ရေးတို့ ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

မိမိကျေးရွာသည် စိုက်ပျိုးမြေထပ်မံတိုးချဲ့ရန် မဖြစ်နိုင်တော့သည် ကျေးရွာဖြစ် ၍ သီးနှံအထွက်တိုးရေးကို ဦးစားပေးဆောင်ရွက်ရမည်။ သီးနှံအထွက်တိုးရေး အတွက် အဓိကအချက်ဖြစ်သည်ကို တွေ့ရပါသည်။ ချောင်းရှိသော်လည်း သုံးစွဲသူများ သည့်အတွက် ရေလုံလောက်မှုမရှိသည်ကို တွေ့ရပါသည်။ လယ်သမားများသည် မိုးရေ ကိုသာအဓိက အားထားနေရခြင်းကြောင့် မိုးမှန်သည့်နှစ်တွင် စပါးသီးနှံကောင်းစွာ ဖြစ်ထွန်းပြီး မိုးမမှန်သည့်နှစ်တွင် စပါးအထွက်တိုးညံ့ပါသည်။ ဆောင်းသီးနှံစိုက်ပျိုး သည့်ပဲပုတ်နှင့် မြေပဲစိုက်ပျိုးချိန်တွင် ရေသည်ပို၍အရေးပါလာပါသည်။ လစဉ်မိုးရွာ ပေးပါကသီးနှံထွက်နှုံးကောင်းပြီး၊ လစဉ်မိုးမရွာသွန်းသည့်ကာလများတွင် သီးနှံဖျက် ပိုးပိုမိုကျရောက်သည်ကို တွေ့ရပြီး၊ ဆေးဖြန်းရန်အတွက်ပင် အင်မတန်ခက်ခဲပါသည်။ ဆောင်းနှင့် နွေကာလတွင် ချောင်း၊ မြောင်းများရေခမ်းခြောက်မှုကြောင့် အောင်ရေရရှိ ရေးသည် အင်မတန်မှ အရေးကြီးပါသည်။ လယ်ယာကဏ္ဍအတွက် တောင်သူများနှင့် ဆွေးနွေးရာတွင် ရေရရှိမှုကိုဦးစား

ပေးဆွေးနွေးကြပါသည်။ ချောင်းကြီးများမရမှု ကြောင့်သည်တည်ရန်ခက်ခဲပါသည်။ မြေအောက်ရေ ကိုအသုံးပြုပါက ပိုမိုလွယ်ကူနိုင် သည်ကို တွေ့ရှိရပါသည်။ မိမိကျေးရွာတွင် အဝီစိတွင်း(၄)တွင်း တူးဖော်အောင်မြင်ပြီး မြေအောက်အနက် ၁၈၀ပေကျော်နှင့် ပေ၂၀၀ကြားတွင် ရေကြောင် တွေ့ရှိရပြီးစက်နှင့် စုပ်တင်မှုပြုရန်မလိုပဲ ရေလျှံတွင်း အဖြစ်အလိုလျှောက်ထွက်ရှိနေပါသည်။ တူးဖော်ပြီး (၂)နှစ်ကျော်ကာလအထိ ရေလျှံထွက်ဆဲဖြစ်သည်ကိုတွေ့ရပါသည်။ မြေအောက်ရေကို အလွန်အကျွန်သုံးစွဲလျှင်လည်း ဘေးတိုးထွက်ဆိုးကျိုးများ ရှိလာနိုင်၍ ပေ(၆၀)ဝန်း ကျင်ခန့်တွင် တွေ့ရှိရသည့် လက်နှိပ်တုံကင်တွင်းများကဲ့သို့ (၅)ပေါက်ကျင်းများတူး ဖော်နိုင်ပါက တောင်သူ များအတွက် ပိုမိုအကျိုးများနိုင်သည်ကိုတွေ့ရပါသည်။ သီးနှံများအတွက် ရေလိုချိန်မှသာလျှင် ထုတ်ယူသုံးစွဲမည်ဖြစ်၍ မြေအောက်ရေအလ ဟသာဆုံးရှုံးမှုမဖြစ်နိုင်ပါ။ လယ်သမားအများစုသည် (၅)ပေါက်တွင်းတူးရန်အတွက် အရင်းအနှီးမတတ်နိုင်သည်ကို တွေ့ရပါသည်။ အချို့တတ်နိုင်သော လယ်သမားများ တူးလိုသော်လည်း နည်းပညာအခက်အခဲရှိနေပါသည်။ ရေကိုလိုအပ်သလိုရရှိပါက မည်သည်သီးနှံကို စိုက်စိုက်ဖြစ်ထွန်းအောင်မြင်ပြီး သီးနှံအထွက်တိုးနိုင်ပါသည်။ ဆောင်းသီးနှံတွင် ဖျက်ပိုးကျရောက်မှုများပါသည်။ ပုဂ္ဂိကအရောင်းဆိုင်များမှ ဝယ်ယူသုံးစွဲကြပါသည်။ မြေဩဇာကို စံနစ်တကျသုံးစွဲမှု အားနည်းပြီးအလွန်အကျွံ သုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးမှု ကြုံတွေ့လာ နိုင်ပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် ကုမ္ပဏီများမှအရောင်း မြှင့်တင်ရေး ကိုယ်စားလှယ် များမှသုံးစွဲမှုအကြောင်း ဟောပြောမှုရှိသော်လည်း စိုက်ပျိုးရေးဦးစီးဌာနက အသိ ပညာပေးမှုများ စံနစ်တကျသုံးစွဲတတ်ရေးကို ကွင်းဆင်းဆောင် ရွက်သင့်ပါသည်။

(၈) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

တောင်သူများ၏ ပိုင်ဆိုင်မှုဧကနှင့် တွက်ချက်ပြီးချေးငွေချေးပေးစေလိုပါသည်။ (၁၀)ဧက နှင့် အထက်တောင်သူများသည် စိုက်ပျိုးရေးစရိတ် မလုံလောက်မှုကြောင့် နှောင်ပေးသီးနှံ ရောင်းချရခြင်းကြောင့် တောင်သူများစပါးဈေးကောင်းချိန်ထိ မစောင့် နိုင်ပဲကုန်သည်ပွဲစားများ၏ သတ်မှတ်သည့်ဈေးအထိုင်ရောင်းချပြီး ဘဏ်ချေးငွေကို ဖြေရှင်းနေရသည်အတွက် လဘ်သမား များနစ်နာမှုများပါသည်။ လယ်သမားအများစုသည် စိုက်ပျိုးချိန်ငွေမလုံလောက်မှုနှင့် အခြားလိုအပ် ချက်များအတွက် နှောင်ပေးရောင်းချရမှုများကြောင့် မိုးမမှန်သည်နှစ်များတွင် စပါးအထွက်နှုန်း ကျဆင်းပြီး ဝမ်းစာမလုံလောက်သည်များရှိ၍ စပါးကိုအတိုးနှင့် ချေးယူပြီး လတ်တလောပြဿနာ ကို ဖြေရှင်းရသည့်အတွက် နောက်ဆုံးမပြေလည်နိုင်ပါက ပိုင်ဆိုင်ထားသည့် လယ်ယာမြေများကို ရောင်းချရပြီး မြေမဲ့ယာမဲ့ဘဝရောက်သွားသူများလည်းရှိပါသည်။ သို့ပါ၍ ယခုထက်ပိုမိုကောင်းမွန် သည့်ဘဏ်ချေးငွေစနစ်များ ပေါ်ပေါက်လာလျှင် တောင်သူ လယ်သမားများအထွက် ပိုမိုအကျိုးရှိ လာမည်ဖြစ်ပါသည်။

(ဃ) သားငါးကဏ္ဍနှင့် ပုံကျလုပ်ငန်းကိစ္စ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူသည် အိမ်ထောင်စုပေါင်း၏ (၆၀)% ကျော်ရှိပါသည်။ ရေလုပ်ငန်းကို အဓိကမှီခိုစားသောက်နေသည့် ရေလုပ်သားများသည် ကျေးရွာအိမ်ထောင်စုပေါင်း၏ (၃၅)%ကျော်ရှိပါသည်။ ရေလုပ်သားများသည် ငါးရစ်ပေါက်ဖွားချိန်တွင် ငါးမဖမ်းရကာလအဖြစ် သတ်မှတ်၍ ငါးဖမ်းဆီးမှုမပြုရပါ။ ငါးမဖမ်းရကာလသည် (၄လကျော်၅လ) နီးပါးကြာမြင့်ပါသည်။ ယင်းကာလသည် မိုးတွင်းကာလဖြစ်၍ အလုပ်အကိုင်နည်းပါးချိန်လည်း ဖြစ်ပြီးစာသင်ကျောင်းများ ဖွင့်လှစ်ချိန်လည်း ဖြစ်၍ငွေကြေးလိုအပ်ချိန်လည်းဖြစ်ပါသည်။ ရေလုပ်သားများအတွက် အင်မတန် ခက်ခဲချိန်လည်းဖြစ်ပါသည်။ ရေလုပ်သားများနှင့် တွေ့ဆုံဆွေးနွေးမှုအရ ယင်းကာလမတိုင်ခင် ဝင်ငွေရလုပ်ငန်းတခုဖြစ်သည့် အသားတိုးကြက် (၄၅)ရက် ကြက်မွေးမြူရေးကိုဆောင်ရွက်လိုကြပါသည်။ တဦးချင်းတစ်ယောက်ခြင်းအတွက် ငွေရင်းငွေနှီးမထုတ်ချေးပေး နိုင်ပါကလည်း (၅)ယောက်တစု (၁၀)ယောက်တစု စိတ်ပါစားပြီး အလုပ်အကိုင်ရရှိလိုသူများအတွက် ဆောင်ရွက်ပေးခြင်းဖြင့် ဝင်ငွေရပြီး မိသားစုဘဝရပ်တည်ရေး ပြေလည်နိုင်ပါသည်။ ငါးခိုးဖမ်းမှုများ မရှိ၍ ငါးပိုမိုသား ပေါက်နိုင်ပြီး ငါးသယံဇာတ များပေါများလာနိုင်ပါသည်။ ပုံကျများသည်လည်းအလုပ်လုပ်နိုင်သူ၏ (၂၈)%ကျော်ရှိ၍ များပြားပါသည်။ ၄င်းပုံကျများပုံမှန် ဝင်ငွေရလုပ်ငန်းများဖြစ်ထွန်းရေးအတွက် အသက်မွေးဝမ်း ကျောင်းပညာများ သင်ကြားပေးပြီးအလုပ်အကိုင်အခွင့်အလှမ်းကောင်း ရှာဖွေပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရမည်ဖြစ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် သက်ဆိုင်ရာစီမံကိန်းများဖော်ဆောင်ရေးအတွက် အဓိက သော့ချက်များဖြစ်သည်။ (၅)နှစ်တာကာလလုပ်ဆောင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် အဓိကကိသည့်အချက်အနေနှင့် ပါဝင် ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲပြီးနောက် လက်တွေ့လည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပြဿနာများ၊ အဟန့်အတားများ၊ စိန်ခေါ်မှုများသည် အမှန်တကယ်ကြုံတွေ့ရမှာဖြစ်ပြီး၊ ၄င်းအခက်အခဲများကျော်လွှား နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်မှုသည်လည်း မဖြစ်မနေ လိုအပ်မှုရှိမည်ဖြစ်ပါသည်။ ယခင်က ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းကို လုပ်ဆောင်မှု အတွေ့အကြုံရှိပြီးဖြစ်သော်လည်း စံနစ်တကျ ဆောင်ရွက်မှုမျိုးမဟုတ်ပါ။ ယခုစီမံချက် လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနများသို့

တင်ပြပြီးလုပ် ဆောင်ရမည်ဖြစ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်ချက်များကိုသာ တင်ပြသွားမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြင်း

စီမံကိန်း၊ စီမံချက်များကို ခွဲခြားစိတ်ဖြာလေ့လာမှု ပြုလုပ်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုများ သတ်မှတ်ခြင်းဖြင့်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများ ကိုသိရှိစေရန်။ ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်အတွက် စီးပွားရေးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို သိရှိစေရန်ဖြစ်ပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကသက်ဆိုင်ရာ ကဏ္ဍအလိုက်သိရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

သာမန်အသုံးစရိတ်
ငွေလုံးငွေရင်း
စွမ်းရည်မြှင့်တင်ရေးအသုံးစရိတ်
လူသားချင်းဆိုင်ရာအထောက်အပံ့တို့ပါဝင်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေး အစီအစဉ်များကိုသတ်မှတ်ထားပါသည်။ လူထုအခြေပြုအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းပြီး၊ လယ်သမား၊ သားငါးကဏ္ဍ၊ အိမ်ထောင်ရှင် အမျိုးသမီးများ၊ ရေလုပ်သား၊ အပျိုလူပျိုအဖွဲ့နှင့် ပျံကျလုပ်ငန်းကိုင်သူ များနှင့် တွေ့ဆုံဆွေးနွေးပြီး၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းပြီးဦးစားပေးရွေးချယ်မှု ပြုလုပ် ပါသည်။ ၄င်းစီမံချက်များရေးဆွဲရာတွင် ကျေးရွာရှိအဖွဲ့အစည်းများက ယုံကြည်မှု မရှိခြင်းကိုကြုံတွေ့ရပါသည်။ တင်ပြထားသည့်စီမံချက်၊ စီမံကိန်းများကိုလက်တွေ့ အကောင်အထည်ဖော်ပြနိုင်မှုသာလျှင် ကျေးရွာလူထုမှ သဘောပေါက်နားလည်လာပြီး ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာမည် ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များ

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက်	မှတ် ချက်
စိုက်ပျိုးရေးကဏ္ဍ					
အခြေခံအဆောက်အဦနှင့် နည်းပညာသင်တန်း	၁။ စိုက်ပျိုးသီးနှံများဖြစ်ထွန်းအောင်မြင်ရေး နှင့် အထွက်တိုးရန်အတွက် ရေရရှိရေး စိုက် ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်း ကျင်မှုများတိုးတက်ရေး	၉၀	၁	မြေအောက်ရေရရှိအသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေ နည်းပညာသင်တန်း၊ စပါးအထွက်တိုး နည်းပညာသင်တန်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲနိုင်ရေးသင်တန်း (ပိုးမွှားနှင့် ရောဂါ)	
မွေးမြူရေးနှင့် ရေလုပ်ငန်း နည်းပညာသင်တန်း	၂။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး တီ/မွေးကုဋ္ဌာနမှ အခြေခံကုသရေးသင်တန်း များဖွင့်လှစ်နိုင်ရေး	၈၅	၂	အရင်းအနှီးအရရှိရေးနှင့် တနိုင်တပိုင်းနှင့် အစုအဖွဲ့များ ဖွဲ့စည်းပြီး ခေတ်မှီနည်းစနစ်တကျ မွေးမြူနိုင်ရေးအခြေ ခံကုသရေးဆိုင်ရာနားလည်သဘောပေါက်ပြီး ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာနားလည်ရေး	
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းချေးငွေလက်လှမ်းမှီရေး	၃။ သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး	၈၀	၃	ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ခြင်းအတိုး နှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့	

				များနှင့် ချိတ်ဆက်ပေးခြင်း ချေးငွေအတွက် လိုအပ်သောအထောက်အထားများ ပြင်ဆင်ခြင်း	
မူးယစ်ဆေးဝါးကဏ္ဍ မူးယစ်ဆေးဝါးကင်းစင် ပပျောက်ရေး	၄။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးလူထု ဟောပွဲများပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး	၇၈	၄	မူးယစ်ဆေးဝါနှိမ်နှင်းရေးအတွက် ထိရောက်သည့်လမ်းများပေါ်ပေါက်ရေး၊ လူထုမှ ပူးပေါင်းပါဝင်လာရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးဖြတ်သည့် ကုသဆောင်များဒေသအတွင်းတည်ဆောက်ပေးရေး	
ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး သောက်သုံးရေကိစ္စ	၅။ ကျေးရွာတွင် သုံးစွဲနေသည့် ရေနှင့်ပတ်သက်ပြီး ဓာတ်ခွဲစမ်းသပ်ပေးရေး	၇၅	၅	သောက်သုံးရေ ဖူလုံမှုရှိပြီး သောက်သုံးရေတွင်ပါဝင်နေသည့် ဓာတ်ပစ္စည်းများနှင့် အဆိပ်အတောက်ဖြစ်မှုရှိ/ မရှိ ရှိရန် ရေအားဓာတ်ခွဲစမ်းသပ်ပေးစပ်လိုပါသည်	
ပညာရေး					
ကလေးပညာဖွံ့ဖြိုးရေး	၆။ ကျေးရွာ၏ ပညာတက်မြောက်မှုတိုးတက်ရေး	၇၃	၆	ဝန်ထမ်းလုံလောက်စွာရရှိရေးသင်ထောက်ကူ ပစ္စည်းများ ပြည့်စုံရေးနှင့် တွဲဖက်အလယ်တန်းကျောင်းမှ အလယ်တန်းကျောင်းဖြစ်နိုင်ရေး၊ အလယ်တန်းကျောင်းဆောင်သစ်ရရှိရေးနှင့် ကိုယ်အားကိုယ်ကိုးကွန်ပျူတာများဝယ်ယူနိုင်ရေး၊ ကျောင်းသား/ သူများအားကစား	

				လုပ်ဆောင်နိုင်ရေး	
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း/ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	၇။ အလုပ်အကိုင်အခွင့်အလှမ်းများ ရရှိရေးနှင့် အလုပ်အကိုင်များရရှိရေး	၇ဝ	၇	အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်း၊ အမျိုးသမီး/ အမျိုးသားကဏ္ဍအလိုက်ဒေသထွက်ကုန်များနှင့် မုန့်လုပ်ငန်းလုပ်ကိုင်နိုင်ရေး	
လူငယ်များကျန်းမာကြံ့ရေးနှင့် စွမ်းရည်တိုးတက်လာစေရေး	၈။ လူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၇ဝ	၈	အခြေခံခေါင်းဆောင်မှုသင်တန်း အဖွဲ့အစည်းများစီမံခန့်ခွဲမှုသင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ရေး	
ကျန်းမာရေး					
ကျန်းမာရေးတိုးတက်လာစေရန်	၉။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရန်	၇ဝ	၉	ကျေးလက်ကျန်းမာရေးဌာနခွဲ၏ လိုအပ်ပစ္စည်းများဖြည့်ဆည်းပေးနိုင်ရေး၊ ကူးစက်မြန်ရောဂါများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ရန် တိုက်တွန်းခြင်း	
လမ်းပန်းဆက်သွယ်ရေး					
လမ်း၊ တံတားကောင်းမွန်လာစေရေး	၁၁။ ပို့ဆောင်ရေးအခြေခံ အဆောက်အဦးများတိုးတက်လာစေရန်	၇ဝ	၁ဝ	ကျေးလက်တွင်းရှိ ကျောက်ခင်းလမ်းအားတပ်မိုးကျောက်ထပ်မံခင်းခြင်း	
အုပ်ချုပ်ရေးကဏ္ဍ				ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်	

				ဆက်ဆောင်ရွက်ရန်	
အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁၀။ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်စွမ်းရည်မြှင့်မားရေး	၆၈	၁၁	ကျေးလက်ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများဖွင့်လှစ်ပါကသင်တန်းများတက်ရောက်နိုင်ရေး	

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုနှင့် အဖွဲ့အစည်းများရပ်မိရပ်ဖများက ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှု အနေအထားအရ ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
(၅)နှစ် ၁။	စိုက်ပျိုးရေးကဏ္ဍ၊ မြေအောက်ရေရရှိရေး	၁	√	√	√	√	√
(၂)နှစ်မှ(၃)နှစ် ၂။	မွေးမြူရေးဆိုင်ရာ တိုးတက်ရေး	၂	√	√	√		
(၅)နှစ် ၃။	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး	၃	√	√	√	√	√
(၅)နှစ် ၄။	မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး	၄	√	√	√	√	√
(၅)နှစ် ၅။	သောက်သုံးရေကိစ္စ	၅	√				
(၅)နှစ် ၆။	ပညာရေးကဏ္ဍ	၆	√	√	√	√	√
(၁)နှစ်မှ(၅)နှစ် ၇။	အခြားဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေး	၇	√	√	√		
(၅)နှစ် ၈။	လူငယ်ကဏ္ဍ	၈	√	√	√	√	√
(၅)နှစ် ၉။	ကျန်းမာရေးကဏ္ဍ	၉	√	√	√	√	√
(၅)နှစ် ၁၀။	အုပ်ချုပ်ရေးကဏ္ဍ	၁၀	√				
(၂)နှစ် ၁၁။	လမ်းပန်းဆက်သွယ်ရေးကဏ္ဍ	၁၁	√	√			

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာဖြစ်ကိုးကာရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်

ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့် ဝင်မှု ဥပမာ- လုပ်အား၊ သဲ၊ ကျောက်ပစ္စည်း ကရိယာ၊ အချိန်စသည့်)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသာချင်းစာနာမှုအအထောက်အပံ့
၁	စိုက်ပျိုးရေးကဏ္ဍ၊ မြေအောက်ရေရရှိရေး					
၂	မွေးမြူရေးဆိုင်ရာ တိုးတက်ရေး					
၃	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၄	မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး					
၅	သောက်သုံးရေကိစ္စ					
၆	ပညာရေးကဏ္ဍ					
၇	အခြားဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေး					
၈	လူငယ်ကဏ္ဍ					
၉	ကျန်းမာရေးကဏ္ဍ					
၁၀	အုပ်ချုပ်ရေးကဏ္ဍ					
၁၁	လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည်ဖြစ်၍ လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာလူတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော လုပ်ငန်းများကိုအောင် မြင်စွာဖော် ဆောင်ရွက်တာဝန်မှာ မိမိကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့အစည်း သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ အောင်မြင်ရန် ဦးဆောင်ပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

မိမိတို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီးမံကိန်းများအကောင်အထည်ဖော်ရာ တွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်ပြီး၊ အခြားသောဖွံ့ဖြိုးရေးကို ပံ့ပိုး ကူညီနိုင်မည့် အဖွဲ့များကိုလည် ရှာဖွေပူးပေါင်းပြီး ဆောင်ရွက်ပါမည်။ မိမိတို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ သက်ဆိုင်ရာကျေးရွာ အတွင်းရှိ ကော်မတီများအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွယ်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများထံမှအကူအညီ၊ အကြံဉာဏ်များတောင်းခံ မှုပြုပါမည်။

(ဂ) ကန်တရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရှိရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက် အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ် ပါသည်။

၁။ ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက် များ

၂။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ အတွက် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ပုဂ္ဂိုလ်လိကအဖွဲ့အစည်း များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသည့် အရေးကြီးကိစ္စများကို ကြီးကြပ်မှုပေးမည်ဖြစ်ပြီး၊ လုပ်ငန်းတစ်ခုလုံး လွမ်းခြုံကြီးကြပ်ရန်တာဝန်မှာ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ပေးထားသည့်အဖွဲ့သာ တာဝန်ယူပါမည်။ အချို့ကိစ္စများတွင် မြို့နယ်သက်ဆိုင် ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် မိမိကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ပေးထားသောအဖွဲ့သည် မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) လုပ်ငန်းဆိုင်ရာတိုးတက်မှု

(ဂ) ငွေကြေးဆိုင်ရာတိုးတက်မှု

(ဃ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

(င) နည်းပညာဆိုင်ရာအကူအညီ

ဖြည့်စွက်ရေးသားရန်

ပညာရေး- ကျောင်းဝင်းခြံလုံခြုံရေးသံဇကာ ကာရန်ခြင်းလုပ်ငန်း

- ပတ်ကားရေလောင်းအိမ်သာ (၂)လုံးတည်ဆောက်ရန်

လမ်းပန်းဆက်သွယ်ရေး- သုသာန်သွားလမ်းကျောက်ချောလမ်းဖြစ်မြောက်ရေး

- သချိုင်းသို့ သွားရာလမ်းတံတားတည်ဆောက်ရေး

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေး					
	၁။ စိုက်ပျိုးသီးနှံများဖြစ်ထွန်းအောင်မြင်ရေးနှင့် အထွက်တိုးရန်အတွက် ရေရရှိရေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၉၀	၁	– မြေအောက်ရေရရှိအသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး နည်းပညာသင်တန်း၊ စပါးအထွက်တိုးနည်းသင်တန်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲနိုင်ရေးသင်တန်း(ပိုးမွှားနှင့် ရောဂါ)။	ကျေးလက်ဦးစီး
မွေးမြူရေး					
	၂။ မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး တိ/မွေးကုဋ္ဌာနမှအခြေခံကုသရေးသင်တန်းများဖွင့်လှစ်နိုင်ရေး	၈၅	၂	– အရင်းအနှီးရရှိရေးနှင့် တနိုင်တပိုင်နှင့် အစုအဖွဲ့များ ဖွဲ့စည်းပြီး ခေတ်မှီနည်းစနစ်တကျ မွေးမြူနိုင်ရေးအခြေခံကုသရေးဆိုင်ရာနားလည် သဘောပေါက်ပြီး ရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာနားလည်းရေး။	
ငွေကြေး					
	၃။ သင့်တင့်သောအတိုးနှုန်းဖြင့်	၈၀	၃	- ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ခြင်းအတိုးနှုန်း	–

ကာလရှည်ချေးငွေနိုင်မည့် အဖွဲ့နှင့် ချိတ်ဆက်ရေး			သက်သာရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊ ချေးငွေအတွက် လိုအပ်သောအထောက်အထားများ ပြင်ဆင်ခြင်း။
လူငယ်နှင့် အားကစား			
၄။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး လူထုဟောပွဲများပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး	၇၈	၄	– မူးယစ်ဆေးဝါးနှိမ်နှင်းရေးအတွက် ထိရောက်သည့်လမ်းများပေါ်ပေါက်ရေး၊ လူထုမှ ပူးပေါင်းပါဝင်လာရေးနှင့် တရားဥပဒေအရ ထိရောက်စွာရေးယူ ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးဖြတ်သည့် ကုသဆောင်များဒေသအတွင်း တည်ဆောက်ပေးရေး။
အခြေခံအဆောက်အဦ			
၅။ ကျေးရွာတွင် သုံးစွဲနေသည့် ရေနှင့် ပတ်သက်ပြီး ဓာတ်ခွဲစမ်းသပ်ပေးရေး	၇၅	၅	- သောက်သုံးရေ ဖူလုံမှုရှိပြီး သောက်သုံးရေတွင်ပါဝင်နေသည့် ဓာတ်ပစ္စည်းများနှင့် အဆိပ်အတောက်ဖြစ်မှုရှိ/ မရှိ ရှိရန် ရေအားဓာတ်ခွဲစမ်းသပ်ပေးစပ်လိုပါသည်။
ကလေးပညာဖွံ့ဖြိုးရေး			–
၆။ ကျေးရွာ၏ ပညာတက်မြောက်မှုတိုးတက်ရေး	၇၃	၆	- ဝန်ထမ်းလုံလောက်စွာရရှိရေး သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးနှင့် တွဲဖက်အလယ်တန်းကျောင်းမှ အလယ်တန်းကျောင်းဖြစ်နိုင်ရေး၊ အလယ်တန်းကျောင်းဆောင် သစ်ရရှိရေးနှင့် ကိုယ်အားကိုယ်ကိုး ကွန်ပျူတာများဝယ်

				ယူနိုင်ရေး၊ ကျောင်းသား/ သူများအားကစားလုပ်ဆောင်နိုင်ရေး။
မွေးမြူရေး				
	၇။ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် အလုပ်အကိုင်များရရှိရေး	၇ဝ	၇	– အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်း၊ အမျိုးသမီး/ အမျိုးသားကဏ္ဍအလိုက်ဒေသအခြေခံခေါင်းဆောင်မှုသင်တန်း အဖွဲ့အစည်းများစီမံခန့်ခွဲမှုသင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ရေး။
ကလေးပညာ ဖွံ့ဖြိုးရေး				
	၈။ လူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၇ဝ	၈	– အခြေခံခေါင်းဆောင်မှုသင်တန်း အဖွဲ့အစည်းများစီမံခန့်ခွဲမှုသင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ရေး။
ကျန်းမာရေး				
	၉။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန်	၇ဝ	၉	– ကျေးလက်ကျန်းမာရေးဌာနခွဲ၏ လိုအပ်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ ကူးစက်မြန်ရောဂါများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ရန် တိုက်တွန်းခြင်း။

လမ်းပန်းဆက်သွယ်ရေး				
	၁၀။ ပို့ဆောင်ရေးအခြေခံ အဆောက်အဦးများ တိုးတက်လာစေရန်	၇၀	၁၀	– ကျေးလက်တွင်းရှိ ကျောက်ခင်းလမ်းအားတပ်မိုးကျောက်ထပ်မံခင်းခြင်း။
အုပ်ချုပ်ရေး				
	၁၁။ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြှင့်မားရေး	၆၈	၁၁	– ကျေးလက်ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပါက သင်တန်းများတက်ရောက်နိုင်ရေး။

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်း မွန် အောင် ဆောင်ရွက်ခြင်း	၁	——				
၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊	၂		——			
၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး။	၃	——	——	——		
၄။ ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	၄	——	——	——		
၅။ သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊	၅		——	——		
၆။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း	၆	——	——	——		
၈။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း	၇		——	——		

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက် ကောင်း မွန် အောင် ဆောင်ရွက်ခြင်း			√		
၂	ကလေးပျော်၍ ဘက်စုံ တော်စေသည့်ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊			√		
၃	စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး။			√		
၄	ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း			√		
၅	သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်း များ ပို့ချပေးခြင်း၊				√	
၆	ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း				√	
၇	မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ရရှိရန်ဆောင်ရွက်ခြင်း			√		

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၉	၁၉	၂၈	၂.၃၁
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၃၃	၄၁	၇၆	၆.၅၀
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၅၇	၄၂	၉၉	၈.၄၇
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၇	၇၇	၁၅၄	၁၃.၁၇
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၆	၃၆၈	၇၃၄	၆၂.၇၉
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၅	၅၄	၇၉	၆.၇၆
စုစုပေါင်း လူဦးရေ		**၅၆၇**	**၆၀၁**	**၁၁၆၉**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၂၁၄		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။(၁)နှစ်အောက် ကလေးမွေးဖွားနှုန်းနည်းပါးသည်။ (၁)နှစ်မှ (၅)နှစ်ထိ မွေးဖွားနှုန်းသည် (၆.၅၀)%ရှိ၍ မြင့်မားသည်။ မူလတန်းကျောင်းသားအရွယ် မြင့်မားမှုရှိသည်ကို တွေ့ရှိရပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေပေါင်း၏ထက်ဝက်ကျော် ရှိသည့်အတွက် ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အရွယ် မြင့်မားမှုကြောင့် ကျေးရွာ၏ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုမှုရှိသည်ကို တွေ့ရပါသည်။ သက်ကြီးရွယ်အို ပမာဏနည်းပါးပြီး မှီခိုသူအနေနှင့် နည်းပါးကြောင်း သုံးသပ်တွေ့ရှိရမှုကြောင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်မှု အဝိုင်းတွင် ကြီးလေးသည့်တာဝန်တရပ်အနေနှင့် မရှိကြောင်း တွေ့ရပြီး အမျိုးသမီးနှင့် အမျိုးသားများ အသက်ရှည်မှုတွင် အမျိုးသမီးများ ပိုမိုအသက်ရှည်မှု ကိုတွေ့ရသည်။ အမျိုးသား

များသည် အသက်ကြီးအရွယ် နည်းပါးမှုရှိသည်ကို တွေ့ရှိရပါသည်။ လူဦးရေ တိုးပွားနှုန်းကို ရာခိုင်နှုန်းစရ ကြည့်ရှုရာတွင် ၂၀၁၅/၂၀၁၆ခုတွင် ဖွားနှုန်းနည်းပါးသည် ကိုတွေ့ရှိ ရခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ လူဦးရေးတိုးနှုန်းထိန်းချုပ်ရေးနှင့် သာဆက်ခြားမှုကို ကျေးရွာရှိ အိမ်ထောင်ရှင်များ နားလည်သဘောပေါက်မှုရှိပြီး လိုက်နာဆောင်ရွက်မှုရှိသည်ဟုတွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၈၃	၃၉%	၁၂၆	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၄	၉၇%	-	၂၀၈	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၁%	၄	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၇၆	၃၆%	၇၆	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	၄%	-	၉	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၁%	၃	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၁%	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၁%	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၅%	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၆%	-	၁၈	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂	၁%	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၄	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	၁%	-	၃	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	၄%	-	၈	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၇	-	-	-	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	၁%	-	၃	
	စုစုပေါင်း					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးသည် ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်း ဖြစ်ပြီး လယ်ယာအားမှီခိုစားသောက်လုပ်ကိုင်သူ ကျပန်းဦးရေသည် (၉၇)%ရှိသည်ကို တွေ့ရှိရပါသည်။ ဒုတိယလိုက်သည့် ရေလုပ်သား၊ တံငါလုပ်ငန်းအားလုပ်ကိုင်သူသည် (၃၆)%ရှိပြီး ၄င်းလုပ်ငန်းအား မှီခိုလုပ်ကိုင်သူသည့် (၄)%ရှိသည်ကို တွေ့ရှိရပြီး ကုန်ဈေးရောင်းသူသည် (၆)%နှင့်စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ (၅)%နှင့် နိုင်ငံဝန်ထမ်းဦးရေသည် (၆)%ခန့်ရှိသည်ကို တွေ့ရှိရပြီး ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီတွင်လုပ်ကိုင်သူ (၁)%ရှိပြီး အခြားကျောက်စိမ်းရေမဆေးရှာသူနှင့် ရွှေလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်သူဦးရေမှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ ခြံငုံသုံးသပ်ရလျှပ် လယ်ယာလုပ်ငန်းသည်သာ အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မှုရှိသည်ကို တွေ့ရှိရပြီး ကျပန်းလုပ်ကိုင်သူဦးရေများပြားနေမှုကြောင့် မိသားစုပုံမှန်ဝင်ငွေရပြီး ဘဝရပ်တည်မှုရနိုင်သည့် လုပ်ငန်းများဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ တနိုင်တပိုင်စီးပွားရေးလုပ်ငန်းငယ်လေးများ ဖြစ်သည့် (ဒေသထွက်ကုန်ကို အခြေပြုသည့်) စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်လုပ်ကိုင်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အရင်းအနှီးအတတ်ပညာနှင့် နည်းပညာနှင့် နည်းပညာများရရှိရေးကို ဆောင်ရွက်လုပ်ကိုင်ရန် ကျေးရွာလူထုမှ ဆန္ဒများရှိသည်ကို တွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀	ပျိုးနှုတ်၊ကောက်စိုက်
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	စပါးရိတ်လုပ်ငန်း
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	(၁)ဇကပြတ်
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀	ရွှေလုပ်ငန်း

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း						
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာလုပ်ငန်းခွင်တွင် ပျိုးနှုတ်ရာပြတ်နှင့် ကောက်စိုက်ဧကပြတ်နှင့် ကောက်လှိုင်းစီး စပါးရိတ်ဧကပြတ်ဟူ၍ရှိပြီး နေ့စားအနေနှင့် တစ်နေ့လျှင်အများဆုံး (၁၀၀၀၀)နှင့် အနည်းဆုံး(၈၀၀၀)နှုန်းဝင်ငွေရှိပါသည်။ ပြင်ပသို့သွားရောက်လုပ်ကိုင်သည့် ရွှေတူးဖော်ရေးတွင် နေ့စား (၅၀၀၀)နှုန်းနှင့် စားဖိုမှူး(သို့) ထမင်းဟင်းချက်လုပ်ငန်းအတွက် တစ်နေ့(၂၀၀၀)နှုန်းသာရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၃၄၉.၀၈	သင့်	မရှိ	ချောင်း-၇၁၇.၀၈
ယာမြေ /တောင်ယာ	၁၄၂.၀၈	သင့်	မရှိ	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	၁၀.၁၅	-	-	-
နှစ်ရှည်သီးနှံစိုက်ခင်း	၅.၀၀	သင့်	မရှိ	မရှိ
ရွှေ့ပြောင်းတောင်ယာမြေ	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
အခြား	-	-	-	-
စုစုပေါင်း	၁၅၀၇.၀၃	သင့်	မရှိ	ချောင်း

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေပိုင်ဆိုင်မှုတွင်(၇၁၇.၈)ဧကသည် ကျေးရွာပိုင်နယ်နိမိတ်အတွင်း ရှိပြီး ကျန်ဧက(၆၃၂)သည် အခြားတွင်လုပ်ကိုင်သည့် လယ်ယာမြေများဖြစ်ပါသည်။ ရေရရှိမှုတွင် ချောင်းရေသည်နည်းပါးပါသည်။ တောတောင်များကုန်ခန်း၍ စိမ့်စမ်းများခန့်ခြောက်သည့်အတွက် လယ်သမားများရေရရှိမှုနည်းပါး၍ ရေအခက်အခဲများကောင်းစွာရရှိပြီး သီးထပ်သီးညှပ်စိုက်ပျိုးရေးအတွက် ကောင်းစွာအထောက်အကူရမှာဖြစ်ပြီး သီးနှံထွက်နှုန်းများတိုးတက်မည်ဖြစ်ပြီး လယ်ယာအခင်းကို မှီခိုစားသောက်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်များရရှိပြီး မိသားစုဝင်ငွေတိုးပွားပြီး စားဝတ်နေရေးအတွက် ပြေလည်မှုရရှိမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	-	-
အခြား ရင်းမြစ်များ	-	-
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ခက်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များသည် တောတောင်နည်းပါးလာမှုနှင့် မုဆိုးလုပ်သူများ၏ သက်ဖြတ်မှုကြောင့် နည်းပါးမှုရှိသည်ကို တွေ့ရှိရပါသည်။ သဘာဝတိရစ္ဆာန်မျိုး စိတ်များ မပြုန်းတီးရေးအတွက် စိမ်းလန်းအဖွဲ့များနှင့် ပြင်ပမိတ်ဖက်အဖွဲ့များမှ ပူးပေါင်းပြီး ကျေးရွာတွင် အမြင်ဖွင့်မှုများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ကျွဲ၊ နွားများအတွက် အစာ အခက်အခဲများ ရေရှည်တွင်ကြုံတွေ့နိုင်သည်ကို တွေ့ရှိရပါသည်။ တောတောင်များရှိသည့်အတွက် သဘာဝဆေးဖက်ဝင်အပင်များရှိနိုင်ပါသည်။ သီးခြားလေ့လာစမ်းစစ်မှုများ ပြုလုပ်ရန် လိုအပ်မှုရှိပါသည်။ သဘာဝအပင်မျိုးစိတ်များရှိသော်လည်း မှန်ကန်သည့်ကွင်းဆင်းပြီး စစ်ဆေးစာရင်းပြုစုရန် လိုအပ်မှုရှိကြောင်း တွေ့ရှိရပ်သည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကနှင့် အထက်	၅ ဧကနှင့်၁၀ဧကကြား	မြေမဲ့ယာမဲ့	မြေမဲ့ယာမဲ့
အိမ်အခြေအနေ	တိုက်ခံ/ပျဉ်ထောင်	ပျဉ်ထောင်/ပျဉ်ခင်း	ထရံကာ/သွပ်မိုး	ကြမ်းခင်း/ထရံကာ/သက်ကယ်မိုး

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်/ထွန်စက်/ခွေလှေ့စက်	ကျွဲ/နွား/လက်တွန်းထွန်စက်	ပိုင်ဆိုင်မှုမရှိ	ပိုင်ဆိုင်မှုမရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာ/စျေးဆိုင်	လယ်ယာ	ကျေးနွား	ကျေးနွား
အခြားပိုင်ဆိုင်မှု	ထွန်စက်/ဆီ/ဆန်စက်/ဟာလာစက်	-	-	-
အိမ်ထောင်စု - ၂၁၄	၂၄(၁၁%)	၅၃(၂၅%)	၄၇(၂၂%)	၉၀(၄၂ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ (၁၁)%သော အိမ်ထောင်စုသည် ပြည့်စုံသည့်အဆင့်ကို ခံယူကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုအဖြစ် (၂၅)% ခံယူကြပြီး (၆၄)%သော အိမ်ထောင်စုများသည် ဆင်းရဲနှင့် အလွန်ဆင်းရဲဟူသော အဆင့်ကို ခံယူကြပါသည်။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများ များပြားရခြင်းမှာ မြေမဲ့၊ယာမဲ့များဖြစ်ကြပြီး ကျပန်းလုပ်ကိုင်သူဦးရေ များပြားပြီး၊ ဝင်ငွေပုံမှန်ရ အလုပ်အကိုင်များရှားပါးခြင်း အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် နိုင်ရန် ငွေရင်း၊ ငွေနှီးမရှိခြင်း၊ အတတ်ပညာနှင့် နည်းပညာနည်းပါးမှုရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေများပြားပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရှာဖွေပေးနိုင်မည်ဆိုပါက ဆင်းရဲသားဦးရေ ကို လျော့ချနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၁၀	၅၁.၄၀%	ချေးငှားစားသောက်
၃ လနှင့် ၅ လ အထိ	၁၈	၈.၄၁%	ချေးငှားစားသောက်
၆လ မှ ၁၂ လ အထိ	၈၆	၄၀.၁၈%	

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုနှင့် ပတ်သက်ပြီး အိမ်ထောင်စုအားလုံးသည် တစ်နေ့နှစ်နှပ်ကို နပ်မှန်အောင် စားသုံးနိုင်ကြသော်လည်း (၅၁.၄၀)%အိမ်ထောင်စုနှင့် (၈.၄၁)%သော အိမ်ထောင်စုများသည် နေ့စား၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ငွေချေးပြီး ဝယ်ယူစားသောက်သည်ကို တွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	မရှိ	မရှိ	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	မရှိ	မရှိ	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	ရှိ-(၁၈)အိမ်		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	ရှိ-(၁၈)အိမ်		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီးအိမ်ထောင်စု(၁၈)အိမ်သည် အလွန်ဆင်းရဲပြီး မုဆိုးဖိုး၊ တစ်ခုလပ် အိမ်ထောင်စု(၂)အိမ်ရှိသည်ကို တွေ့ရှိရပြီး ပုံမှန်ဝင်ငွေရရှိသည့် လုပ်ငန်းများမရှိသည်ကို တွေ့ရှိရပါသည်။ အချို့သော အမျိုးသမီးဦးဆောသည့် အိမ်ထောင်စုတွင် သားများသည် မူးယစ်ဆေးဝါးသုံးစွဲမှုရှိသည်ကို တွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	
၃	ရေကြီးခြင်း	လတ်	
၄	မိုးခေါင်ခြင်း	နိမ့်	
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	လတ်	
၇	ငလျင်	နိမ့်	
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	
၁၂	ငှက်ဖျားရောဂါ	နိမ့်	
၁၃	တီဘီရောဂါ	နိမ့်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	နိမ့်	
၁၇	လူကုန်ကူးခြင်း	နိမ့်	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	နိမ့်	
၁၉	အခြား	-	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်ကူမှု အခြေအနေတွင် သစ်တောပြုန်းတီးမှုများပြားပြီး၊ သဘာဝရင်းမြစ်ရှားပါးမှု ရေကြီးခြင်း၊ မုန်တိုင်းနှင့် မြေပြိုခြင်းတွင် အလတ်ပိုင်းတွင်ရှိပြီး၊ စားနပ်ရိက္ခာမဖူလုံမှု၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ငလျင်၊ မီးဘေး၊ ဆားငံရေဝင်မြေ၊ သဘဋိတဘေးဒဏ်များတွင် နိမ့်သည့်အဆင့်တွင်ရှိပြီး၊ ငှက်ဖျား၊ တိဘီနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများတွင် နိမ့်ကျပြီး ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန်ရောဂါကူးစက်မှု၊ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများတွင် ထိခိုက်လွယ်မှုနိမ့်ကျသည်ကို တွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	မူးယစ်ဆေးဝါး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ဝင်ငွေရအလုပ်အကိုင်ရှားပါးမှု
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	ကျပန်းလုပ်ကိုင်စားသောက်ရ
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	မရှိသလောက်ရှားပါး
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေ	နိမ့်	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ရာ (Prone to accident) တွင် နေထိုင်သူများ		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	နိမ့်	
၁၅	ဆေးစွဲသူများ	လတ်	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	နိမ့်	မူးယစ်ဆေးဝါးသုံးစွဲ .
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	
၂၀	ကားသမား	နိမ့်	
၂၁	အခြား	-	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရှမ်းနီမျိုးနွယ်များပြီး၊ ဗမာလူမျိုး(၉)%ကျော်နှင့် ကချင်လူမျိုး (၁)%ခန့်သာရှိပါသည်။ အချို့သော လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲမှုရှိသည်ကို တွေ့ရပါသည်။

လူငယ်များသည် အသိပညာနည်းပါးမှု၊ ဗဟုသုတနည်းပါးမှုနှင့် မူးယစ်ဆေးဝါးကိုလွယ်လင့်တကူ ရရှိနိုင်ခြင်းနှင့် တရားဥပဒေစိုးမိုးမှု အားနည်းချက်များကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုများပြားရသည်ဟု လေ့လာတွေ့ရှိရပါသည်။ သဘာဝဘေးဒဏ်နှင့် မတော်တဆဖြစ်မှုနည်းပါးသည်။ ရွာအတွင်းကူးစက်ရောဂါနှင့် ပတ်သက်၍ဖြစ်ပွားမှုမရှိသည်ကို တွေ့ရပါသည်။ လက်လုပ်လက်စားကျပန်းလုပ်ကိုင်စားသောက်သူသည် ကျေးရွာလူဦးရေ၏(၄၀)%ကျော်ရှိပါသည်။ လူနည်းစုလူမျိုးများနှင့် စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ပူးပေါင်းဆောင်ရွက်မှုရှိကြပါသည်။ အင်းနှုတ်ခမ်းအနီးတွင် တည်ရှိသောရွာဖြစ်၍ (၉)%ကျော်သည် မိုးတွင်းကာလတွင် အင်းရေကြီးမှုကို နှစ်စဉ်ကြုံတွေ့ရမြဲဖြစ်ပြီး၊ ထူးခြားဖြစ်စဉ်များဖြစ်ပေါ်မှုမရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးမှုကြောင့် မိသားစုဘဝရပ်တည်ရေးအတွက် ခက်ခဲမှုရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	စိုက်ပျိုးရေးဘဏ်	၁						
၂	သမဝါယမဌေစု၊ ဌေချော	၁			၄၀			
၃	ဂေါပကအဖွဲ့	၃	၁၄	-	၁၄			
၄	မယ်ခိုင်အဖွဲ့	၂၊၃	-	၁၀	၁၀			
၅	အပျို၊ လူပျိုအဖွဲ့	၂၊၃	၉၀	၁၁၀	၂၀၀			
၆								
၇								
၈								

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

ဦးဆောင်ဖွဲ့စည်းသူများ

(၄) **ကျေးရွာလူထုကိုယ်တိုင်**

(၅) **ပြင်ပအဖွဲ့အစည်း**

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) **ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

(၇) **သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

(၈) **ညံ့(အားနည်း) - ကြံ့ုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာထိန်းသိမ်း ထားရှိခြင်း။**

လေ့လာတွေ့ရှိချက်။ ။ စီးပွားရေးအခြေခံသောအဖွဲ့တွင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမငွေစု ငွေချေးအဖွဲ့ရှိပြီး၊ လူမှုရေးအဖွဲ့တွင် ဂေါပကအဖွဲ့၊ မယ်ခိင်အဖွဲ့၊ အပျိုလူပျိုအဖွဲ့စသည့်အဖွဲ့များရှိပြီး ကိုယ်ထူကိုယ်ထ ရံပုံငွေထူထောင်ထားသည့်အဖွဲ့များဖြစ်ပါသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုတွင် စမ္မစကူးလ်ဖွင့်လှစ်ခြင်းနှင့် ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရှိပါသည်။ လူမှုအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုရှိပြီး အသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ထိမ်းသိမ်းမှုရှိကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၃			
၄			
၅			
၆			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကယ်လာအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေနှင့် ကျေးရွာတွင်ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။ မေတ္တာဖောင်ဒေးရှင်းမှ မူကြိုကျောင်းဖွင့်လှစ်နိုင်အောင် ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဧယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၁	၆၁.၂၁%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	-	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧကထိ	၂	၀.၉၄%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅၇	၂၆.၆၄%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၂၄	၁၁.၂၁%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၁၄	၁၀၀%	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများသည် မြေမဲ့ယာမဲ့များဖြစ်ပြီး မြေယာပိုင်ဆိုင်မှုသည် ၃၈%ကျော်ရှိသည်ကို တွေ့ရှိရပါသည်။ သီးနှံထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး မိုးစပါးစိုက်ပျိုးမှုနှင့် ဆောင်းသီးနှံအဖြစ်ပဲပုပ်၊ မြေပဲကို အဓိကစိုက်ပျိုးကြပြီး ကြက်သွန်ဖြူနှင့် အခြားသီးနှံများကို အနည်းအကျင်းစိုက်ပျိုးကြပါသည်။ မိုးသီးနှံနှင့် စိုက်ပျိုးချိန်များတွင် ကျေးရွာရှိ ကျပန်းလုပ်ကိုင်သူများသည် အထိုက်အလျောက် လုပ်ငန်းများရရှိကြသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန်စ်ပတ်လုံး/ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-	-
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	-	-	-	-
၅	လက်ငင် ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	၇၁၇.၀၈	ရာသီအလိုက်	မရှိ
၈	အခြား	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနယ်နိမိတ်အတွင်း လယ်ယာလုပ်ကိုင်သူများသည် ဟဲပါးကြီးချောင်းကို အဓိကအားထားနေရပြီး ယင်းချောင်းရေအားမှီခိုနေကြသည့် လယ်ယာလုပ်ကိုင်သူများပြားခြင်းကြောင့် မိုးစပါးစိုက်ပျိုးချိန်နှင့် စပါးအောင်ရေသွင်းချိန်များတွင် ရေအခက်အခဲများရှိပါသည်။ တောတောင်တွင် သစ်ပင်များမရှိသလောက်ဖြစ်နေ၍ သဘာဝစိမ့်ရေထွက်ပေါကများနည်းပါးလာ၍ ချောင်းရေလည်းနည်းပါးလာသည်။ မြေအောက်ရေငါးပေါက်တွင်းများတူးဖော်နိုင်ပါက မိုးသီးနှံဆောင်းသီးနှံများ ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်ပြီး သီးနှံအထွက်တိုးနိုင်ပါသည်။ ငါးပေါက်တွင်းတူးဖော်မှုကို လယ်သမားများအနေနှင့် ငွေကြေးမတတ်နိုင်၍ လုပ်ဆောင်နိုင်မှုမရှိပါသဖြင့် ဆည်မြောင်းဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြင်ပအဖွဲ့အစည်းများပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျှင် အောင်မြင်မှုရရှိသည်ဟု ထင်မြင်ယူဆပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက် ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၃၄.၀၈	တင်း	၃၀	၇၀	၅၀	ဇူလိုင်	နိုဝင်ဘာ	လတ်	လတ်	မိုးလေ
ပဲပုပ်	၇၁၇.၀၈	တင်း	၅	၁၀	၇.၅	ဒီဇင်ဘာ	မေလ	လတ်	လတ်	သမမှန်လျှင်
မြေပဲ	၁၀.၀၀	တင်း	၂၀	၉၀	၅၅	ဒီဇင်ဘာ	မေလ	လတ်	လတ်	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကသီးနှံများနှင့် အထွက်နှုန်းတွင် မိုးလေဝသကောင်းမွန်သည်။ နှစ်တွင်းလယ်ယာလုပ်သားများအနေနှင့် အမြတ်ရနိုင်မှု အလတ်လောက်ရှိသော်လည်း မိုးလေဝသဖောက်

ပြန်သည့် ကာလတွင် အမြတ်ရနိုင်မှုနိမ့်သည့် အဆင့်တွင်ရှိကြောင်း တွေ့ရှိရပါသည်။ သွင်းအားစုအနေနှင့် လိုအပ်ချက်ကို ဖြည့်စည်းနိုင်သော်လည်း သီးနှံဖြစ်ထွန်းအောင်မြင်မှုတွင် ရေရရှိမှုသည် အဓိက အရေးကြီးလိုအပ်မှုဖြစ်ကြောင်းနှင့် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရေးသည်လည်း လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စပါးအထွက်နှုံးတွင် ကုန်းကျပြီး ရေမရသည့် လယ်များသည် (၁)ဧက(၃၀)ခန့်သာရရှိပြီး၊ ရေရရှိသည့်လယ်များသည် (၁)ဧက(၇၀)တင်းခန့်ရပြီး၊ ပျမ်းမျှနှုံး (၁)ဧက(၅၀)တင်းခန့်ရရှိပါသည်။ စပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ကာလအထိ (၄)လခန့်ကြာမြင့်ပါသည်။ ဆောင်းသီးနှံအဖြစ်စိုက်ပျိုးသည့် ပဲပုတ်သည် ဒီဇင်ဘာလတွင်စတင်စိုက်ပျိုးပြီး၊ မေလလောက်တွင် ရိတ်သိမ်းပါသည်။ အထွက်နှုံးအနေနှင့် အနည်းဆုံး(၁)ဧက(၅)တင်းနှုံးနှင့် အများဆုံး(၁၀)တင်းနှုံးထွက်ရှိ၍ ပျမ်းမျှ(၇.၅)တင်းနှုံးထွက်ပါသည်။ မြေပဲသည်လည်း ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး မေလတွင်ပဲနုတ်ပါသည်။ (၁)ဧကအနည်းဆုံး(၂၀)တင်းနှင့် အများဆုံး(၉၀)တင်းနှုံးထွက်၍ ပျမ်းမျှ(၅၅)တင်းထွက်သည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	၂စီး	-	-	-	-	-	
လက်တွန်းထွန်စက်	၅၇စီး	-	-	-	-	(၂၄)ဦး	
အစေ့ချ ကိရိယာ	-	-	-	-	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-	-	-	
ရိတ်သိမ်းစက်	၃					-	
ခြွေလှေ့စက်	၄	-	-	-	-	၇၉	
ရေစုပ်စက်	၈	-	-	-	-	-	

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ခြေနင်းရေတင်စက်	၂၉	-	-	-	-	-	
မြက်ရိတ်စက်	-	-	-	-	-	-	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လယ်သမားအများစုသည် စပါးရိတ်စက်အစား စပါးရိတ်သူများကို ဇကပြတ် ငှားရမ်းခြင်းကို အဓိကအားထားကြသည်။ ရေစုပ်စက်ရှိသော်လည်း ရေတင်ယူနိုင်သည့် ချောင်းမြောင်း ကြီးများမရှိမှုကြောင့် အလုပ်မဖြစ်သည်ကိုတွေ့ရပြီး လယ်သမားအများစုသည် ခြွေလှေ့စက်ကိုသာ အဓိကအားထားမှုရှိသည်ကိုတွေ့ရှိရပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကို လတ်တလောအသုံးပြုမှုမရှိပါ။ ရိတ်သိမ်းစက်အနည်းငယ်သာ ရှိသေး၍တွင်ကျယ်စွာ အသုံးပြုမှုမရှိသေးပါ။ လယ်သမားအများစုသည် လက်တွန်းထွန်စက်တွင် တပ်ဆင်သည့်ရိတ်စက်အစား ဟွန်ဒါတင်လက်တွန်းစပါးရိတ်စက်များကို အဓိကဝယ်ယူရရှိလိုကြောင်း တွေ့ရှိရ၍ အရစ်ကျရောင်းချပေးနိုင်သည့် ကုမ္ပဏီများနှင့် ဆက်သွယ်ရယူ လိုကြောင်း တွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) **သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	**စိုက်ပျိုးမြေအသစ်ရရှိရန်နည်းပါးမြေဆီဩဇာ အလတ်**
ရေရင်းမြစ်	**သဘာဝရေရရှိမှုနည်းပါး**
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	**သုံးစွဲမှုအနည်းငယ်သာရှိ**
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	**ထိရောက်သည့်ဆေးဝါးများဖြစ်နိုင်ရေးသည် အရေးကြီး**
ချေးငွေနှင့် ငွေကြေး	**ချေးငွေအချိန်မှီရရှိရေး**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုများ	
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ	**အားနည်းမှုရှိ**
သွင်းအားစုစျေးကွက်	**ကုမ္ပဏီကိုယ်စားလှယ်များ ကျေးရွာအထိရောက်ရှိ**
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	**ထုတ်လုပ်မှု စျေးကွက်နှင့် ကုန်သွယ်မှုအလယ်အလတ်ရှိ**
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေအသစ်ရရှိမှု နည်းပါးသည်ကိုတွေ့ရှိရပြီး ရေရရှိမှုအားနည်းသည်ကို တွေ့ရှိရပါသည်။ သဘာဝမြေဆွေးသုံးစွဲမှုနည်းပါးလာသည်ကို တွေ့ရှိရပါသည်။ အော်ဂနစ်၊ ဓါတုပိုးသတ်ဆေးများသည် ထိရောက်သည့် ဆေးဝါးများဖြစ်နိုင်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း (FDA)မှ ပိုးသတ်ဆေးနှင့် အော်ဂဲနစ်များတွင် မြန်မာစာအညွှန်းပါရှိမှုသုံးစွဲရန်ပြောထားသော်လည်း အချို့တွင် မြန်မာစာအညွှန်းမပါရှိသည်ကို တွေ့ရှိရ၍ အားနည်းမှုရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးချိန်အမှီချေးငွေရရှိရေးသည်လည်း အရေးကြီးပါသည်။ အချိန်မှီချေးငွေမရရှိပါက ပြင်ပမှအတိုးများသည့် ချေးငွေများချေးယူသုံးစွဲရမှုကြောင့် လယ်သမားများထိခိုက်နစ်နာမှုများပြားပါသည်။ နည်းပညာနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုအားနည်းသည်ကို တွေ့ရှိရပါသည်။ ထုတ်လုပ်မှုတွင် အားကောင်းသော်လည်း စျေးကွက်လက်လှမ်းမှီမှုအားနည်းပြီး ပွဲစားများ၏သတ်မှတ်သည်နှုံးထားပေါ်တွင်သာ အခြေခံစျေးနှုံးဖြစ်ခြင်းကြောင့် သီးနှံထုတ်လုပ်သူများ အနေနှင့် နစ်နာမှုရှိပါသည်။ ဒေသအဝယ်ပိုင်းများဖွင့်လှစ်နိုင်ပါက သီးနှံထုတ်လုပ်သူများအတွက် ပိုမိုအကျိုးများနိုင်မည်ဟုယူဆမိပါသည်။

(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	-
မြေဆီဩဇာ အခြေအနေ	**အသင့်အတင့်**
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	**စိုက်ပျိုးရေးဘဏ်တစ်ခုသာရှိ**
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ငွေရှိရင်ရ
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	**ကျွမ်းကျင်လုပ်သားရှားပါး**
ရေရင်းမြစ်များ ရရှိနိုင်မှု	**ချောင်းများရှိပြီး ဆည်တည်ဆောက်လုပ်ကိုင်မှု အားနည်း**
စိုက်ပျိုးရေမလုံလောက်မှု	**ချောင်းရေအားကိုးမှုသာရှိ**
ဖျက်ပိုးနှင့် ရောဂါ	**ဖျက်ပိုးနှင့် ရောဂါကျရောက်မှုရှိ၊ ပိုးသတ်ဆေးသုံးစွဲ၊ အချို့ထိရောက်မှုမရှိ**
ဈေးကွက် လက်လှမ်းမီမှု	**အားနည်း**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**အများကြီးလိုအပ်မှုရှိ**
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမရှိ၊ မြေဆီဩဇာအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ ငွေကြေးအရင်းအနှီးရနိုင်မှုတွင် စိုက်ပျိုးရေးဘဏ်ဆိုင်ရာ တစ်ခုသာရှိပါသည်။ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပတ်သက်ပြီးရှိသော်လည်း သက်ဆိုင်ရာကုမ္ပဏီကိုယ်စားလှယ်များနှင့် တောင်သူများတိုက်ရိုက်ချိတ်ဆက်နိုင်ပါက ပိုမိုအကျိုးရှိမည်ဟု ထင်မြင်ပါသည်။ လုပ်သားရှားပါးမှုမရှိသော်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ကောက်စိုက်၊ စပါးရိတ်၊ ပဲနှုတ်၊ ပဲချွေလုပ်ငန်းများတွင် အလုပ်သမားဈေးကြီးမြင့်မှုရှိပါသည်။ ရေအရင်းအမြစ်တွင် မိုးရေနှင့် ရေကိုသာ အားကိုးနေရ၍ စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှုတွင် စပါးတွင် အားနည်းပြီး၊ ပဲပုတ်စိုက်ခင်းများတွင် အများဆုံးတွေ့ရပြီး၊ ကြွက်ဖျက်ဆီးမှုလည်းရှိပါသည်။ ဈေးကွက်လက်လှမ်းမီမှုအားနည်း၍ ဒေသအဝယ်နိုင်များရှိရန်လိုအပ်ပါသည်။ နည်းပညာနှင့် အကူအညီများသည့် အထူးလိုအပ်မှုရှိပြီး၊ စိုက်ပျိုးရေးနည်းစံနစ်များ၊ ဓါတ်မြေဩဇာသုံးစွဲမှုနှင့် ရောဂါကျရောက်လျှင် သုံးစွဲရမည့်ဆေးဝါးများသည် ထိရောက်မှုရှိရန် အရေးကြီးပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၉၁	၅၁၆	
နို့စားနွား	-	-	
မြင်း	-	-	
ကျွဲ	၂	၂၁	
မြည်း	-	-	
လား	-	-	
ဆိတ်	-	-	
သိုး	-	-	
ဝက်	၉၉	၂၆၀	
ကြက်	၁၃၉	၁၇၇၉	
ဘဲ	၁၀	၆၄	အသားတိုးကြက်ခြံ(၂)ခြံရှိ
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	၂	-	ငွေရင်းနှီးမှု အခက်အခဲနှင့် ငါးစာရှားပါးမှုကြောင့်လက်ရှိ ငါးမမွေးနိုင်
ပုဇွန်ကန်	-	-	
ဂဏာန်းမွေးမြူရေးလုပ်ငန်း	-	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	-	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	
အခြား	-	-	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ နွားနှင့်ကျွဲမွေးမြူရေးရရှိပြီး စာကျက်မြေပြဿနာရှိပါသည်။ ဝက်မွေးမြူမှု

တွင် တနိုင်တပိုင်မွေးမြူရေး သာရှိပြီး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် အခါအားလျော်စွာ ကျရောက်တက်သည့်ရောဂါကာကွယ် ဆေးထိုးနှံခြင်းနှင့် ကုသရေးကျွမ်းကျင်မှုမရှိခြင်းကို တွေ့ရ၍ ထိမွေးကုဌာနမှ ကျန်းမာရေးလုပ်သားကဲ့သို့ ဆင့်ပွားသင်တန်းများပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။ အသားတိုးကြက်မွေးမြူခြံရှိပြီး အထိုက်အလျောက်အောင်မြင်မှုရှိပါသည်။ ငါးကန်(၂)ကန်ရှိသော်လည်း ငွေကြေးမတက်နိုင်မှုနှင့် ငါးစာရှာပါးမှုကြောင့် ငါးမွေးမြူရေးအတွက် အခက်အခဲများရှိပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	**မရှိ**
ရေရရှိမှု	**အထိုက်အလျောက်ရှိ**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**အခက်ခဲ**
ချေးငွေ	**မရှိ**
သွင်းအားစုဈေးကွက်	**ဟိုပင်အားကိုး၊ တနိုင်တပိုင်ရောင်းဈေးကွက်ရှိ**
ဝန်ဆောင်မှုဈေးကွက်	**အထိုက်အလျောက်ရှိ**
ထုတ်ကုန်ရောင်းဝယ်မှု	**အားကောင်း(မှော်နယ်မြေရှိ)**
အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု	**အထိုက်အလျောက်ရှိ**
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**ငါးသားပေါက်လက်လှမ်းမီမှုရှိ**
ချေးငွေ	**ချေးငွေမရှိ**
သွင်းအားစု လက်လှမ်းမီမှု	**လက်လှမ်းမှီမှုရှိပြီးငွေအခက်အခဲရှိ**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**အတန်းလိုအပ်**
ထုတ်ကုန်ရောင်းဝယ်မှု	**ငွေအရင်းအနှီးနှင့် ကာကွယ်ကုသမှုများလိုအပ်လျက်ရှိ**
အခြား	**ကျောက်စိမ်းမှော်နယ်မြေနှင့် ရွှေတွင်းများနှင့် ဟိုပင်မိုးညှင်းလက်**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
	လှမ်းမှီ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့် များရရှိရေးနှင့် ကာကွယ်ဆေးထိုးနှံမှု၊ ရောဂါဖြစ်ပွားလျှင်ကုသမှုအားနည်း၊ ကြက်၊ ဘဲ၊ ဝက်မွေးမြူရေး အတွက် ကျေးလက်အိမ်ဝင်များဖြစ်၍ ကျယ်ဝန်းမှုရှိပြီး မွေးမြူရေးအတွက် မြေနေရာရရှိရေးမှာ အခက်အခဲမရှိပါ။ ထွက်ကုန်ရောင်းဝယ်မှုတွင်လည်း၊ ရွှေ၊ ကျောက်မှော်နယ်မြေများနှင့် လက်လှမ်းမှီမှုရှိ၍ စျေးကွက်ကျယ်ဝယ်ပါသည်။ ဟိုပင်၊ မိုးညှင်းမြို့များသို့လည်း သွားရောက်ရောင်းချနိုင်ပါသည်။ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အဓိကအခက်အခဲမှာ ငွေအရင်းအနှီးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ရောဂါကာကွယ်မှုအပိုင်းတို့ကို ဖြေရှင်းဆောင်ရွက်ပေးလျှင်ထုတ်လုပ်မှုတိုးတက်လာနိုင်ပါသည်။ တိရိစ္ဆာန်အစားအသောက်(ခေတ်မီနည်းစနစ်)များ ထုတ်လုပ်ရောင်းချသည့် ဆိုင်များ(သို့) ကုမ္ပဏီများရှိပါက ပိုမိုကောင်းမွန်ပါသည်။ အသားတိုးကြက်မွေးမြူရေးအတွက် ဝက်စာများရောင်းချသကဲ့သို့ အခြားတိရိစ္ဆာန်များအတွက်ရောင်းချပေးလျှင် အင်မတန်ကောင်းမွန်မည်ဟုထင်မြင်ပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မရှိ
ကူးစက်ရောဂါဖြစ်ပွားမှု	ကုသရေး၊ ကာကွယ်ဆေးထိုးနှံမှုအားနည်းမရှိ
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိ
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	သိရှိနားလည်မှုအားနည်း
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	အင်းမှရေချိုငါးထုတ်လုပ်မှုရှိ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ချေးငွေရရှိနိုင်မှု	မရှိ
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးတွင် ချေးငွေရရှိနိုင်မှုမရှိခြင်းနှင့် ကူးစက်ရောဂါဖြစ်ပွားလာလျှင် ကာကွယ်ကုသမှုမရှိပါ။ နည်းပညာအကူအညီနှင့် နည်းလမ်းများသည် ကျေးရွာများအတွက် လက်လှမ်းမှီသည့် အနေအထားတွင်ရှိပါသည်။ ငါးလုပ်ငန်းနှင့် ပတ်သက်ပြီး ငါးကန်ရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ အစားအစာစျေးကြီးခြင်းနှင့် ရှားပါးမှုကြောင့် အောင်မြင်မှု နည်းပါး၍ ငါးကန်ရှိပြီး ငါးသားပေါက်တည်ပြီး မွေးမြူခြင်းမရှိတော့ပါ။ ချေးငွေအစီအစဉ်၊ အစားအစာ ရရှိရေးနှင့် နည်းပညာများကို ကူညီမှုပေးပါက အောင်မြင်မှုဖြစ်ထွန်းမှုရှိနိုင်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ် သမား အရေ အတွက်	မိသားစု ဝင် လုပ် အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊လက်သ	-	-	-	-

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ် သမား အရေ အတွက်	မိသားစု ဝင် လုပ် အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	မား၊ ပန်းရံလုပ်ငန်း				
၅	ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ- လက်ကားရောင်းဝယ်ရေး	-	-	-	-
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်	-	-	-	-

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ် သမား အရေ အတွက်	မိသားစု ဝင် လုပ် အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	နှံများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**)				
၁၃	ပညာရေး	-	-	-	-
၁၄	ကျန်းမာရေး	-	-	-	-
၁၅	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၆	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ	-	-	-	-
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	**-**	**-**	**-**	**-**

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ပန်းရံ၊ လက်ချများပညာတတ်သူ၊ အိမ်ထောင်စု(၃)ခုသာရှိပြီး အဆောက်အဦးဆောက်လုပ်မှုနည်းပါး၍ အသက်မွေးဝမ်းကြောင်းမှုအတွက် အဓိကလုပ်ငန်းမဟုတ်ဘဲ၊ မိသားစုစားဝတ်နေရေးအတွက် ဖြည့်စွက်မှုပေးသည့်လုပ်ငန်းသာဖြစ်သည်ကို တွေ့ရှိရပြီး စက်ချုပ်လုပ်ငန်းသည်လည်းတွင်ကျယ်သည့်စီးပွားရေးလုပ်ငန်းလည်းမဟုတ်ဘဲ စားဝတ်နေရေး ဖြည့်စွက်မှုသာဖြစ်ပါသည်။ အင်းဘေး

တွင် တည်ရှိသောရွာဖြစ်၍ ရေလုပ်ငန်းကို အဓိကလုပ်ငန်းအနေနှင့် လုပ်ကိုင်မှုအိမ်ထောင်စုပေါင်း(၇၆) အိမ်ထောင်ရှိ၍ ကျေးရွာ၏(၃၅.၅၁)%ရှိပါသည်။ ၄င်းလုပ်ငန်းသည်ကျေးရွာ၏ ဒုတိယအကြီးဆုံး အဓိကဝင်ငွေရလုပ်ငန်းလည်းဖြစ်ပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
အင်းတော်ကြီးအင်းရှိပါသည်	မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအင်းဖြစ်ပြီး ရေချိုငါးနှင့် ရေချိုပုဇွန်အိတ်များရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဒုတိယအကြီးဆုံးဝင်ငွေရလုပ်ငန်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအင်းဖြစ်ပြီး ရေချိုငါးများနှင့် ရေချိုပုဇွန်ဆိတ်များဖမ်းယူရရှိနိုင်ရန် ကျေးရွာလူထုဖြစ်သော်လည်း အင်းတော်ကြီးအတွင်း ရွှေလုပ်ငန်းတူးဖော်၍ အနည်းချမှု၊ တောင်ပြို၍ အနည်းချမှုကြောင့် အင်းရေဖြင့် တိမ်ကောလာခြင်းနှင့် ငါးဖမ်းဆီးမှုတွင် မဆင်မခြင်ဖမ်းဆီးမှုများကြောင့် ငါးမျိုးများပြုန်းတီးမှုဖြစ်လာခြင်း၊ သက်ဆိုင်ရာငါးဦးစီးဌာနမှ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးနိုင်မှုမရှိခြင်းနှင့် အသိအမြင်များ ရှိလာရန် ဟောပြောပို့ချမှု အားနည်းခြင်းနှင့် ရေလုပ်သားများအနေနှင့်လည်း စည်းကမ်းလိုက်နာမှု အားနည်းမှုများရှိခြင်းကြောင့် ရေရှည်တွင် အင်းပျက်စီးပြီး ရေသယံဇာတ ရှားပါးမှုကို ကြုံတွေ့လာနိုင်ပါသည်။ ငါးသားပေါက်ကာလတွင် ငါးဖမ်းဆီးခွင့်ကို ပိတ်ပင်တားမြစ်ထားသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် အချို့သောငါးများများသည် ပျောက်ကွယ်လုနီးပါး ရှိနေသည်ကို တွေ့ရှိရပါသည်။ ရွှေလုပ်ငန်းမှ စွန့်ပစ်အညစ်အကြေးနှင့် လယ်ယာမြေများမှ သုံးစွဲသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသည် အင်းရေတွင်မည်မျှပမာဏ ပျော်ဝင်နေသည်ကို ရေဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်သင့်ပါသည်။ ငါးမဖမ်းရကာလတွင် ရေလုပ်သားများအတွက် အခြားဝင်ငွေရှိနိုင်မည့် အလုပ်အကိုင်များ ဖန်တီးစေရန် လိုအပ်ချက်ရှိပါသည်။ ဥပမာ-မွေးမြူရေးလုပ်ငန်းရေးတို့သည်

အသားတိုးကြက် မွေးမြူရေးလုပ်ငန်းများ ခေါ်ဆောင်ပေးနိုင်လျှင် တားမြစ်ကာလကို ရေလုပ်သားများ လိုက်နာနိုင်မည်ဟု ထင်မြင်ယူဆပါသည်။

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သက်မွေးဝမ်းကျောင်းနည်းပညာရရှိနိုင်မှုအားနည်းပြီး နည်းပညာနှင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများ အားနည်းသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	**ရွှေ့ပြောင်း**လုပ်သား တစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၄၆	-	-	-	-	-	-	-	-	-
၂	**ရွှေ့ပြောင်း**လုပ်ကိုင် သောကျေးရွာရှိလူဦး ရေ	-	-	-	-	-	-	-	-	-	-
၃	**ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ**										
	၃ လ အထိ	-	-	-	-	-	-	-	-	-	-
	၆ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထိ	-	-	-	-	-	-	-	-	-	-

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁၂ လ အထက်	-	-	-	-	-	-	-	-	-	-

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းလုပ်သားများရှိသော်လည်း ပြည်တွင်းတွင် သွားရောက် လုပ်ကိုင်ကြသည့်သူများသာဖြစ်ကြသည်။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၄၆
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သီးခြားရွှေ့ပြောင်းလုပ်သားများမရှိပါ။ ရေမဆေးကျောက်ရှာဖွေခြင်းနှင့် ရွှေတွင်းလုပ်သားအဖြစ် ကာလတိုသာ သွားရောက်လုပ်ကိုင်မှုရှိပါသည်။ ငွေပြန်ပို့နိုင်မှု ပမာဏမှာ ရွှေရရှိမှုနှင့် တန်ဖိုးကြီးကျောက်ရရှိမှု အပေါ်တွင် မူတည်နေပါသည်။ ကျောက်စိမ်းစျေးကွက် ပျက်စီးမှုနှင့် ရွှေရရှိမှုနည်းပါးခြင်းနှင့် နယ်မြေမတည်ငြိမ်မှုများကြောင့် သွားရောက်လုပ်ကိုင်သူ နည်းပါးသွားသည်ကို တွေ့ရှိရပါသည်။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်

		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	-	-	-	-	၄၆
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း		-	-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	-	-	-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိသလောက်နည်းပါးပါသည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	နန့်မွန်း	ဟိုပင်-မိုးညှင်း-ဖားကန့်-မန္တလေး
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ကား၊ သုံးဘီး၊ ထော်လာကျီ၊ ဆိုင်ကယ်၊ စက်ဘီး၊ လမ်းအခြေအနေကျောက်လမ်း	
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	ရောင်းကုန်အမျိုးအစား	
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	ဈေးတန်းနှင့် ဆိုင်ခန်းတည်ဆောက်မှု	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အကြီးစားစျေးကွက်အတွက် ကုန်စည်ဒိုင်များ လိုအပ်လျက်ရှိပါသည်။ ဆန်၊ စပါးစျေးကွက်နှင့် ဒေသထွက် ပဲပုတ်၊ မြေပဲသည် အဓိကစိုက်ပျိုးသီးနှံများကို အနီးဆုံးနန့်မွန်း စျေးကွက်နှင့် ရွှေမှော်၊ ကျောက်မှော်များသို့ သွားရောက်ရောင်းချပါသည်။ ကျေးရွာအတွင်း စျေးသီးခြား မရှိပါ။ လမ်းဘေးတွင်သာ ရောင်းချမှုပြုကြပါသည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအနေနှင့် ကျေးရွာချင်းဆက်လမ်းသည် ကျောက်ခင်းလမ်းဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းသွားလာနိုင်ပါသည်။ ဟိုပင်မြို့နယ်ခွဲနှင့် နန့်မွန်းရွာမှလမ်းသည် ကတ္တရာလမ်းဖြစ်ပြီး မိုးညှင်းအုန်းစံဆိုင်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သည့်လမ်းဖြစ်ပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်၊ သ မချေးငွေ)	-	-	-	-	ပုံစံ(၇)မရှိခြင်း
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ	-	-	-	-	-
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်	ဂေါပက အပျိုလူပျို	-	-	-	-
ငွေချေးပေးသူ	-	-	-	-	-
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့်ဆွေမျိုးများ	-	-	-	-	-

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရ မည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ငွေကြေးလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတွင် လယ်လုပ်သားများအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် သမဝါယမမှ ထုတ်ချေးပေးမှုကို လယ်ယာလုပ်သားများသာခံစားနိုင်ပြီး အခြားသော သူများသည် ကျေးရွာရှိအသင်းအဖွဲ့များမှ ချေးငွေများကိုသာ အားကိုးနေရပါသည်။ အသင်း အဖွဲ့များမှ ချေးငွေများသည် အတိုးနှုန်းအနေနှင့် (၆၀)%ကျော်ရှိပြီး အတိုးငွေကို (၃)လတဖြတ် ကောက်ခံမှုကြောင့် အတိုးနှုန်းအနေနှင့် (၆၀)%နှင့် (၈၀)%ကြားရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်း များရရှိနိုင်ရေး အတွက် ပြင်ပအဖွဲ့အစည်းများမှ အတိုးနည်းချေးငွေများလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	မြေဆီဩဇာပျက်စီးမှု ရေရှည်တွင် ဖြစ်နိုင်
အပင်မျိုးစိတ်များ	လတ်	သုတေသနနှင့် စစ်တမ်းပြုစုမှုလို
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်း
ရေရင်းမြစ်	နိမ့်	ချောင်းရေနည်းပြီး မိုးရေကိုသာအား ကိုးနေရ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
ငါးမျိုးကွဲများ	နိမ့်	အချို့ငါးမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	သုတေသနနှင့် စစ်တမ်းကောက်ယူမှုလို
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	စနစ်တကျစွန့်ပစ်မှုမရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အင်းအရော့ကမ်းရိုးမြေသည် မြေဆီဩဇာကောင်းမွန်သည့် အနေအထားတွင် ရှိသော်လည်း ဓာတ်မြေဩဇာကို အလွန်အကျွန်သုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးမှုကို ရေရှည်တွင် ကြုံတွေ့နိုင်မည်ဖြစ်၍ ဓာတ်မြေဩဇာကိုစနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးဟောပြောပွဲများ အမြင်ဖွင့်လှုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်လျက်ရှိပါသည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင် အားနည်းမှုရှိပြီးစနစ်တကျနမှုရှိစေရန် စိုက်ပျိုးရေးဌာနမှ ဟောပြောပို့ချမှုများလိုအပ်လျက်ရှိပါသည်။ အပင်မျိုးစိတ်များစနစ်တကျ စစ်တမ်းကောက်ယူမှုနှင့် သုတေသနပြုမှုလိုအပ်ပါသည်။ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးနှင့် မျိုးသုဉ်းပျောက်ကွယ်မှုများရှိပါသည်။ စနစ်တကျစစ်တမ်းကောက်ယူမှုနှင့် သုတေသနပြုမှုလိုအပ်ပါသည်။ ရေရင်းမြစ်တွင် သဘာဝမိုးရေနှင့် ချောင်းရေကိုသာ အားကိုးနေ၍ မြေအောက်ရေသုံးစွဲနိုင်ရေးကို စီမံချက်နှင့် ဆောင်ရွက်သင့်ပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
စာမတတ်သူဦးရေ	-	၉	၉	၀.၈၂%
ဘုန်းကြီးကျောင်းသင်ပညာရေး	၂၉	၂၈	၅၇	၅.၂၁%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၃၅	၁၃၇	၂၇၂	၂၄.၈၄%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၂၇၀	၂၅၅	၅၂၅	၄၇.၉၅%
အလယ်တန်းပညာရေး	၈၁	၈၂	၁၆၃	၁၄.၈၈%

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏%
ပြီးဆုံးသူဦးရေ				
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၃	၂၄	၃၇	၃.၃၈%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၁၂	၂၀	၃၂	၂.၉၂%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၅၄၀**	**၅၅၀**	**၁၀၉၅**	

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ပညာရေးနှင့် စာတတ်မြောက်မှုတွင် စာမတတ်သူဦးရေသည် အမျိုးသမီးများဖြစ်ကြပြီး အသက်အရွယ်ကြီးရင့်သူများ ဖြစ်နေပါသည်။ (၇၈)%သောလူများသည် မူလတန်းအဆင့်နှင့် ဘုန်းကြီးကျောင်းပညာရေး၊ မူလတန်းပညာပြီးဆုံးသူများဖြစ်ပြီး၊ အလယ်တန်းအဆင့်သည် (၁၄.၈၈)% ဖြစ်ပြီး၊ အထက်တန်းပညာရေးပြီးဆုံးသူဦးရေမှာ (၃.၃၈)%ရှိပြီး ဘွဲ့ရများမှာ (၂.၉၂)%ဖြစ်၍ ပညာတတ်ဦးရေနည်းပါးသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် မူလတန်းပညာရေးပြီးဆုံးသူဦးရေမှာ များပြားပြီး အလယ်နှိပ်ပညာသင်ယူမှုတွင် (၁၄.၈၈)%ရှိ၍ ပညာရေးကိုအားပေးမှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ အထက်တန်းပညာပြီးစီးမှုနှင့် ဘွဲ့ရများတွင် အမျိုးသမီးများ များပြားနေသည်ကို တွေ့ရှိရ၍ မိဘများဆင်းရဲကြပ်တည်းမှုကြောင့် ပညာရေးကို အားပေးအလေးထားမှု နည်းပါးသည်ကို တွေ့ရပါသည်။ ယောကျားလေးများသည် အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်လျှင် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများသို့ဝင်ရောက်လုပ်ကိုင်ပြီး အိမ်၏စီးပွားရေးကို အထောက်အကူပြုသည်ကို တွေ့ရှိရပြီး စီးပွားရေးပြေလည်သည့် မိသားစုများမှသာလျှင် ဘွဲ့ရသည်အထိကျောင်းထားပေးနိုင်သည်ကို တွေ့ရှိရ ပါသည်။ ယခင်ကာလများက ပညာရေးလက်လှမ်းမှီမှုအားနည်းချက်လည်း ပါရှိပါသည်။ ယခုမိမိကျေး ရွာသည် အလယ်တန်းကျောင်းခွဲဖြစ်ပြီး၊ အထကခွဲသည် ဟဲပုတွင် ဖွင့်လှစ်သင်ကြားနေပြီဖြစ်၍ အထက်တန်းပညာသင်ကြားမှုနှင့် နီးစပ်လက်လှမ်းမှီမှုရှိပြီဖြစ်၍ ပညာတတ်များကျေးရွာအတွက် မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၆၉	၄၈	၁၁၇	**၁၁၈.၁၈%**
အလယ်တန်း (၁၀-၁၄နှစ်)	၄၂	၅၆	၉၈	**၆၃.၆၄%**

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁၇	၂၀	၃၇	၃.၃၈%
တက္ကသိုလ် ကျောင်းသား၊ သူ	၇	၂၀	၂၇	၂.၉၂%

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းအရွယ် ပညာသင်ကြားမှု ရာခိုင်နှုန်းမြင့်မားရခြင်းမှာ ရွှေမှော်၊ ကျောက်မှော်တွင် နေထိုင်ကြသည့် ဆွေမျိုးသားချင်းများ၏ သားသမီးများလာရောက်ကျောင်းနေသည်ကို တွေ့ရှိပြီး အလယ်တန်းတွင် (၆၃.၆၄)%ရှိပြီး၊ အထက်တန်းတွင်ကျောင်းသားဦးရေနည်းပါးရခြင်းမှာ ယခင်နှစ်များက အထကကျောင်းသည် နန့်မွန်းရွာတွင်ရှိပြီး မိမိကျောင်းရွာနှင့် ဝေးကွာခြင်းနှင့် ကျောင်းသား/သူများ နေထိုင်စားသောက်ရေးအတွက် အခက်အခဲများရှိ၍ ငွေကြေးမတတ်နိုင်သည့် မိဘများ၏သားသမီးများသည် လယ်ယာလုပ်ငန်းခွင်နှင့် ရေလုပ်ငန်းခွင်များ သို့ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ယခင်အချိန်တွင် ဟဲပုရွာတွင် အထက်တန်းခွဲကျောင်းရှိပြီဖြစ်၍ ရွာမှနေချင်းပြန်ကျောင်းတက်ရောက်နိုင်မှုကြောင့် နောင်နှစ်များတွင် အထက်တန်းပညာသင်ကြားမှု ကျောင်းသားဦးရေတိုးလာနိုင်ပါသည်။ အထက်တန်းတွင် ကျောင်းသား/သူနည်းပါး၍ တက္ကသိုလ် ကျောင်းသား/သူနည်းပါးရခြင်းဖြစ်ပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း	
ရွာမှအကွာအဝေး(မိုင်)	ကျေးရွာတွင်းရှိ	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	မလို	
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၁၃၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေ	
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်၊ မိုး၊ အုတ်ညှပ်၊ သမံတလင်း	
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	လုံလောက်မှုရှိ၊ မလုံလောက်	
ကျောင်းအာဟာရတိုက်ကျွေး	မရှိ	

အကြောင်းအရာ	မူလတန်းကျောင်း					
မှူ (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)						
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	-	၉	၉	၁	၉	၁၀
ကျေးရွာခန့်၊ ကံထရိုက်	၁	-	၁	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ အလယ်တန်းကျောင်းခွဲဖြစ်ပြီး အဋ္ဌမတန်းအထိ သင်ကြားနေပါသည်။ ဆရာမ(၉)ဦးနှင့် ဆရာ(၁)ဦး၊ အထွေထွေလုပ်သား(၁)ဦး၊ ပေါင်း(၁၁)ဦးရှိပါသည်။ ရွာအလယ်ဝိုင်းတွင် တည်ရှိသည့်အတွက် သွားလာရေးလွယ်ကူပါသည်။ မိဘဆရာ ပူးပေါင်းဆောင်ရွက်မှု အသင့်အတင့်ရှိပြီး ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လိုအပ်မှုမရှိပါ။ ဆင်းရဲသောမိသားစုများအတွက် ထပ်ဆင့် လိုအပ်သည့် ဗလာစာအုပ်နှင့် စာရေးကိရိယာဆိုင်ရာ လိုအပ်မှုအတွက် မတတ်နိုင်သည့်အပိုင်းများ ရှိနေသည်ကို တွေ့ရှိရပါသည်။ အဟာရတိုက်ကျွေးမှု မရှိသလောက်ဖြစ်ပြီး သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ အားကစားပစ္စည်းများနှင့် ပတ်သက်ပြီးသုံးစွဲနိုင်မှု မရှိသည်ကို တွေ့ရှိရပြီး အလယ်တန်းပညာရေးစနစ်သည် အခမဲ့ပညာရေးစနစ်ဖြစ်၍ ကျေးရွာတွင်း စီမံခန့်ခွဲ ငွေကောက်ခံခြင်း မပြုလုပ်နိုင်ခြင်းနှင့် အလှူရှင်များနှင့် ပြင်ပအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက် မှုလိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများသည်လည်း ပညာရေးတွင် ပါဝင်ပူးပေါင်းမှု အားနည်းသည်ကို တွေ့ရှိရပါသည်။ အဓိကပြဿနာမှာ ကျောင်းသား ဦးရေ(၂၃၅)ယောက်ရှိပြီး အိမ်သာ(၄)လုံးသာရှိသည့်အတွက် အိမ်သာပြဿနာကြီးမားလျက်ရှိပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	(၁၁)ဦး
တပည့် - ဆရာ အချိုး	၃၀/၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	အလယ်အလတ်
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုမရှိ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ရှိ
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	အားနည်း

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ တပည့်ဆရာချို့သည် ကျောင်းသား(၃၀)တွင် ဆရာသုံးနှုန်းရှိသည့်အတွက် အချိုးကျပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်းမြင့်မားမှုရှိသည်ကို တွေ့ရှိရပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ မိဘ၊ ဆရာအသင်း၏အခန်းကဏ္ဍတွင် အားနည်းမှုများရှိသည်ကို တွေ့ရှိရပါသည်။ ကျောင်းသား/သူများပညာသင်ကြားရေးတွင် ကျူရှင်ပပျောက်ရေးအတွက် စာသင်ကျောင်းအား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားပြီး (၄)တန်းနှင့် (၈)တန်းကျောင်းသားများကို ဆရာများမှညအချိန် သင်ကြားမှုများပြုလုပ်ပေးလျက်ရှိပါသည်။ အလယ်တန်းကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ပညာရေးဌာနသို့ တင်ပြတောင်းခံမှုများ ပြုလုပ်မှုရှိပါသည်။ အလယ်တန်းအဆင့်ကျောင်းသားများအတွက် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီး သင်ကြားမှုပြုနေပါသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဧယား (၃၄) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပို့နှုန်းမှု/ဖြစ်ပွားမှု*			*မှတ်ချက် / သုံးသပ်ချက်*
		မြင့်	*နိမ့်*	*မရှိ*	
၁	ဝမ်းပျက်ဝမ်းလျှောဝ	-	√	-	*မိုးရာသီတွင် ဖြစ်တတ်ပါသည်*
၂	သွေးလွန်တုပ်ကွေး	-	-	√	
၃	ငှက်ဖျား	-	-	√	
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	-	-	√	

#	ရောဂါ	ပို့နှုန်းမှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	-	√	-	မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့်
၆	တီဘီ	-	√	-	
၇	ဆီးချို	-	√	-	
၈	သွေးတိုး	-	√	-	
၉	အသည်းရောဂါ (ဘီ၊ စီ)	-	√	-	
၁၀	အာဟာရချို့တဲ့မှု	-	√	-	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	-	√	-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါသည် မရှိသလောက်ဖြစ်ပြီး မိုးရာသီကာလတွင် ဝမ်းပျက်ဝမ်းလျောရောဂါ အနည်းငယ်ဖြစ်ပွားတတ်ပြီး HIV/AIDS **ရောဂါသည် မူးယစ်ဆေးဝါးသုံးစွဲသူများထံတွင် ဖြစ်ပွားမှုရှိသည်ကို တွေ့ရပါသည်။ တီဘီ၊ ဆီးချို သွေးတိုးတို့သည် အသက်(၄၀)ကျော် အရွယ်များတွင် ဖြစ်ပွားမှုတွေ့ရှိရပြီး အသည်းရောဂါ (ဘီ၊ စီ)တို့မှာ စစ်ဆေးပေးမှု မရှိသည့်အတွက် ဖြစ်ပွားမှုကိုမသိရှိရပါ။ အဟာရချို့တဲ့မှုများ မရှိသလောက်ရှားပါးပြီး အခြားကူးစက်ရောဂါမှာ ရေကျောက်ပေါက်ခြင်းနှင့် ရိုးရိုးတုပ်ကွေးနှင့် နှာစီးချောင်းဆိုးလောက်သာ ဖြစ်ပွားမှုရှိသည်ကို တွေ့ရှိရပါသည်။**

(၂.စ.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	√		ဆေး(၃)ကြိမ်ထိုးနှံ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်	√		ဆေး(၃)ကြိမ်ထိုးနှံ

စဉ်	**ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ**	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
	အသားဝါ			
၃	ပိုလီယိုရောဂါ	√		*ဆေး(၃)ကြိမ်တိုက်ကျွေး (၁)ကြိမ်ဆေးထိုးနှံ*
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)	√		*ဆေး(၂)ကြိမ်ထိုးနှံ*
၅	ဝက်သက်ရောဂါ	√		*၁.၁/၂နှစ် ဆေး(၁)ကြိမ်ထိုးနှံ*
၆	အခြားစုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**	√		*(၅)မျိုးစပ် ဆေး(၃)ကြိမ်ထိုးနှံ*
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√		*(၅)နှစ်အောက် ကလေး(၁)လ(၁)ကြိမ် ကိုယ်အလေးချိန်နှင့် အရပ်အမောင်းချိန်ပေး*
၈	အာဟာရပညာပေးအစီအစဉ်	-	√	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာန ရှိပြီးသားဖွားဆရာမ(၁)ဦးနှင့် ကြီးကြပ်(၂)ဦး ပေါင်းကျန်းမာရေးဝန်ထမ်း(၂)ဦးရှိပါသည်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးမှုများ ပုံမှန်လုပ်ဆောင်မှုရှိပြီး၊ ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်မှုကို (၁)လအနည်းဆုံး (၃)ကြိမ် ပြုလုပ်သည်ကို တွေ့ရပြီး အာဟာရမှတ်တမ်းယူမှုလည်းရှိကြောင်း တွေ့ရှိရပြီး၊ အာဟာရပညာပေးအစီအစဉ်မှာ အားနည်းမှုရှိပါသည်။ လူထုအခြေပြု ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်လျှင် ရွာသူ/ရွာသားများ ကျန်းမာရေး ဗဟုသုတပိုမိုတိုးတက်လာနိုင်မည်ဟု ထင်မြင်ယူဆပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက်ကျန်းမာရေးဌာန	(၃)မိုင်		ကျန်းမာရေးမှူး- ၁ သားဖွားဆရာမ - အရံသားဖွားဆရာမ - ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-	မြို့နယ်မှ ဆေးဝါးထောက်ပံ့မှု မရှိသည်မှာ (၄)လခန့်ကြာမြင့်ပြီဖြစ် သားဖွားကုတင်မရှိ	
တိုက်နယ်ဆေးရုံ	ရေလမ်း (၈)မိုင် ကားလမ်း (၁၈)မိုင်		ဆရာဝန် - ၃ ဦး လ/ထ - ကျန်းမာရေးမှူး- သူနာပြု - ၅ ဦး သားဖွားဆရာမ - ၂ အရံသားဖွားဆရာမ - ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ်ဆေးရုံ	(၄၀)မိုင်ခန့်		ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ -		

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
			အရံသားဖွားဆရာမ - ဓာတ်ခွဲကျွမ်းကျင်-		
ဆေးဆိုင်	(၆)မိုင်	-	ဆေးဝါးကျွမ်းကျင်သူ	လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်--	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး၊ သားဖွားဆရာမ(၁)ဦး၊ ကြီးကြပ်(၂)ဦးနှင့် အရံသားဖွား(၁)ဦးရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ကျပ်သိန်း(၉၀၀)နှင့် R.C(၁)ထပ်ဆောင် (၂)ဆောင်ကို ဆောက်လုပ်ပေးထားပြီး (၁)ဆောင်မှာဝန်ထမ်းအိမ်ယာဖြစ်ပြီး၊ (၁)ဆောင်မှာ သားဖွားဆောင်ဖြစ်ပါသည်။ မြို့နယ်ဆေးရုံမှ ခွဲတမ်းအရချပေးသည့် ဆေးဝါးများ မရရှိသည်မှာ (၄)လခန့်ကြာမြင့်ပြီဖြစ်ကြောင်း သိရှိရပါသည်။ သားဖွားကုတင်မှာ အရပ်မှလှူထားသည့် သားဖွားကုတင်ဖြစ်၍ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိပါ။ သို့ပါ၍ စတီးလ်နှင့် ပြုလုပ်ထားသည့် သားဖွားကုတင်(၁)လုံးကို အပ်လျှက်ရှိပါသည်။ အလှူရှင်နည်းပါးမှုကြောင့် ဆေးခန်းအတွက် အထောက်အကူရစေမည့် ပရိဘောဂပစ္စည်းများကို အပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမှ မိတာတပ်ဆင်ပေးထားသည့်အတွက် လျှပ်စစ်မီးရရှိနေပါသည်။ ဆေးခန်းအဆောက်အဦးများကို ၂၀၁၃-၂၀၁၄တွင် စတင်တည်ဆောက်ပြီး ၂၀၁၄-၂၀၁၅တွင် စတင်အသုံးပြုနိုင်ပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၂၇	ကောင်း	√	√	√	
အဝီစိတွင်း (စက်တပ်)	၄	ကောင်း	√	√	√	
အဝီစိတွင်း/တုံကင်	၆၄	ကောင်း	√	√	√s	
ကန်	-					
မြစ်/ချောင်း	ရှိ					
မိုးရေသိုလှောင်ကန်	မရှိ					
စိမ့်စမ်းရေသွယ်တန်းခြင်း	မရှိ					
အခြား	အင်းရေ					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရေသုံးစွဲမှုတွင် ရေတွင်းရေအားသုံးစွဲသူ အိမ်ထောင်စု(၆၇)အိမ်တုံကင်တွင်း (၇၈)နှင့် အဝီစီရေတွင်း သုံးစွဲသူ(၂၀)အိမ်ရှိပြီး အင်းရေသုံးစွဲသူမှာ (၃၈)အိမ်နှင့် ချောင်းရေသုံးသူ(၁)အိမ်ရှိပါသည်။ ရေလုံလောက်မှုရှိပါသည်။ တုံကင်တွင်းရေနှင့် အဝီစီတွင်းရေတို့မှာ သံချီးနဲ့နှင့် ရေဆီရှိပါသည်။ ၄င်းရေများနှင့် အင်းရေချောင်းရေတို့အား ကျန်းမာရေးအတွက် ဓာတ်ခွဲစမ်းသပ်မှုများပြုပေးစေလိုပါသည်။ ရွာတွင် အသည်းကျောက်တည်မှု၊ ကျောက်ကပ်ကျောက်တည်မှု သွေးတိုး၊ နှလုံးဆီးချိုဖြစ်ပွားသူများအထိုက်အလျောက်ရှိသည့်အတွက် သုံးစွဲသည့်ရေအားဓာတ်ခွဲစမ်းသပ်မှု ပြုစေလိုအပ်ပါသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၈၇	အိမ်သာမဲ့(၈)ဦးရှိပြီး၊ နီးစပ်ရာ အိမ်များမှ အိမ်သာများကို အသုံးပြုနေပါသည်၊ အိမ်သာမဲ့များမှာ အင်းနုတ်ခမ်းအနီးရေဝင်သည့် အရပ်တွင် နေထိုင်သူများ ဖြစ်ပါသည်။
ကျင်းအိမ်သာ	-	
မြေပေါ် အိမ်သာ	-	
တောထိုင်	-	
စုစုပေါင်း	**၁၈၇**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ရွာတွင် ယင်လုံအိမ်သာအသုံးပြုသူများပြားပြီး၊ မြေပေါ်အိမ်သာ အသုံးပြုသူ (၁)ဦးရှိပါသည်။ ၄င်းမိသားစုသည် ရွှေတွင်းလုပ်ကိုင်သူဖြစ်ပြီး ရွှေတွင်းရှိရာ အရပ်တွင် အနေအထိုင်များသူဖြစ်ပြီး၊ ယင်လုံအိမ်သာအဖြစ်ပြောင်းလဲ အသုံးပြုရန်ပြောကြားပြီဖြစ်၊ အိမ်သာမဲ့(၈)ဦးရှိပြီး ၄င်းတို့မှာ မိုးတွင်းအင်းရေဝင်ရောက်ရာအရပ်တွင် နေထိုင်သူများဖြစ်နေပါသည်။ နီးစပ်ရာ အိမ်များမှ အိမ်သာများကို အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။ အိမ်သာများ အမြန်ဆုံးဆောက်လုပ်ရန်အတွက် ကျေးရွာလုံးကျတ် အစည်းအဝေးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြောကြားပြီးဖြစ်ပါသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	*ကျား-မ ကိစ္စရပ်ဆိုင်ရာ*	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	-	√	
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√	-	

#	ကျား-မ ကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၇	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	-	√	
၈	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	-	-	
၉	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံခန့်ခွဲမှု စနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှုတွင် မရှိသလောက်ဖြစ်ပါသည်။ မယ်ခိုင်ဟုသော အိမ်ထောင်ရှင်အမျိုးသမီးများအဖွဲ့နှင့် အပျို/လူပျိုအဖွဲ့တွင် အမျိုးသမီးအဖွဲ့များရှိပါသည်။ ရပ်ရွာသာရေးနာရေးနှင့် လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း မိန်းကလေးများ/အမျိုးသမီးများအား အကြမ်းဖက်မှု တိုင်ကြားမှုမရှိပါ။ အမျိုးသမီးရေးရာအဖြစ် အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှုအားနည်းပါသည်။ အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေးတွင် တန်းတူရကြပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ် လုံး	
ရွာတွင်းလမ်း	၂	ကောင်း	၂၀၁၂-၂၀၁၃		√	၂/၁.၂မိုင်ခန့်
ချဉ်းကပ်လမ်း	၂	ကောင်း	-		√	-
ရွာချင်းဆက်လမ်း	၂	ဆိုး	၂၀၁၃-၂၀၁၄		√	-
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းကားလမ်းသည် ကိုယ့်အားကိုယ်ကိုးကျောက်ခင်းလမ်း ဖြစ်ပြီး လမ်းအကျယ်မှာလည်း ၃၅ပေခန့်ရှိပြီး လမ်းမှာဖြောင့်ဖြူးပါသည်။ ရွာချင်းဆက်လမ်းမှာ ယခင်ကိုယ့်အားကိုးခင်းထားစဉ်က ကောင်းမွန်ပြီး အစိုးရမှ တင်ဒါခေါ်ယူပြီးခင်းပေးသည့် လမ်းမှာ(၁)နှစ်ခန့်သာ ကောင်းမွန်ပြီး ယခုအချိန်တွင် ခင်းထားသည့်ကျောက်များ မညီညာသည့်အတွက် လမ်းမှာချောမွေ့မှုမရှိဘဲလမ်းကြမ်းဖြစ်နေပါသည်။ နွေ၊ မိုး၊ ဆောင်း (၁)နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အ စား	ကောင်း/ ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ် လုံး
ဆိပ်ခံတံတား	-	-	-	-	-
ကွန်ကရစ်တံ တား	-	-	-	-	-
ကြိုးတံတား	-	-	-	-	-
ရေပြွန်	-	-	-	-	-
အခြား	အသုံးတံ	ကောင်း			(၁)နှစ်ပတ်

တံတား အမျိုးအစား	အရွယ်အ စား	ကောင်း/ ဆိုး	တည်ဆော က် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ် လုံး
	တား				လုံး

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချောင်းငယ်ကြောင့် ရွာတွင်း တံတား(၄)စင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းသွားသည့် တံတားနှင့် ရွာလယ် အဓိကကျသည့် တံတားတို့မှာ ကောင်းမွန်ပါသည်။ ရွာလယ်အဓိကကျသည့် တံတားမှာ ရွာအလှူရှင်တစ်ဦးမှ တည်ဆောက်ပေးမှုကြောင့် အင်္ဂတေအုတ်ခုံတင်ပြီး သစ်သားတံတားဖြစ်ပါသည်။ ရွာလယ်ရှိ အခြားတံတား(၁)စင်းမှာ ပျက်စီးနေပြီး ပြန်လည်ပြုပြင်ရန်စီမံနေပြီး ရွာအောက်ပိုင်းရှိတံတား(၁)စီးကို မူလွတ်တော်အမတ်များမှ ဖွံ့ဖြိုးရေးအတွက် ကျပ်(၄၅၀၀၀၀)ချထားပေးသည့်အတွက် ယခုနှစ်တွင် အင်္ဂတေအုတ်ခုံတင် အသားတံတား(၁)စင်းတည်ဆောက်မည်ဖြစ်ပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအ စား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	-	-	-
အခြား	အင်းရေပြင်	-	-	တစ်နှစ်ပတ်လုံး

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ အင်းတော်ကြီးရေပြင်သွားသည့် အင်းဘေးစက်လှေကြီး(၆)စင်းရှိပြီး ၂၅H.P ဒီဇယ်အင်ဂျင်တင်ထားသည့် စက်လှေမော်တော်ကြီးများဖြစ်ပါသည်။ ရွှေမဉ္ဇူဘုရားပွဲအချိန်တွင်သာ အသုံးပြုမှုများပါသည်။ ရေလုပ်သားတံငါသည်များ အသုံးပြုသည့်လှေသမားတွင် ဟွန့်ဒါH.Pတင်ထား သည့် လှေအစီးရေပေါင်း (၇၆)ခန့်သာရှိပါသည်။ တစ်နှစ်ပတ်လုံးသုံးစွဲနိုင်သော်လည်း လှိုင်းကြီးသည့် အချိန်များတွင်မူ အသုံးပြု၍မရပ်။ ရေကြောင်းပို့ဆောင်ရေးအတွက် ထိုက်သင့်သလောက် အသုံး ဝင်ပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၆	၇၆	၁၂၆	၂၁၂	၁+၁	၄	-	၇၈

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ စက်လှေကြီးများသည် ခရီးသည်ပို့ဆောင်ရေးအတွက် အဓိကအသုံးပြုပြီး ဟွန်ဒါတပ်လှေသမားများမှာ လုပ်ငန်းသုံးဖြစ်ပါသည်။ စက်ဘီးမှာကျောင်းတက်သည့် ကလေးများ အဓိကအသုံးပြုမှုဖြစ်ပြီး၊ မော်တော်ဆိုင်ကယ်ကိုမူတွင် ကျယ်စွာအသုံးပြုကြပါသည်။ (၆)ဘီးတပ် တရုတ်လုပ်ကား(၂)စီးရှိပြီး စပါးပေါ်ချိန်တွင် စပါးသယ်ယူခြင်းနှင့် အခြားငှားရမ်းသူရှိပါက ကျောက်တိုက်၊ သဲတိုက်၊ ထင်းတိုက် အသုံးပြုပါသည်။ အရပ်မှဝယ်ထားသည့် ဆပ်ကားမှာ နာရေးကား အဖြစ်အသုံးပြုပြီး၊ ဟိုပင်၊ မိုးညှင်းဆေးရုံများသို့ အရေးကြီးလူနာများပို့ဆောင်ရေး အသုံးပြုပါသည်။ အပျိုလူပျို လိုက်ထရပ်ကားမှာ ဘက်စုံအသုံးပြုနေသည့်ကားဖြစ်ပြီး သုံးဘီးဆိုင်ကယ်နှင့် ထော်လာကျီမှာ ပျက်စီးနေ၍ အသုံးပြုမှုမရှိပါ။ နွားလှည်းမှာ တောင်သူလယ်သမားများ သီးနှံသယ်ယူရေးအတွက် အသုံးပြုမှုသာရှိပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	၁၂၆	ကောင်း	မရှိ
ဆိုလာစနစ်	၁၃၉	ကောင်း	မရှိ
အသေးစားရေအားလျှပ်စစ်	-	-	-

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
ဒီဇယ်သုံးအင်ဂျင်	-	-	-
လေစွမ်းအင်	-	-	-
ဧဝလောင်စာ	-	-	-
အခြား	ဖယောင်တိုင်၃	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ မဟာဓာတ်အားလိုင်းမှ ရွာတွင်မီးပေးမှုကို ၂၀၁၆/၂၀၁၇ ဇွန်လမှစတင်ပြီး ပေးနိုင်ပါသည်။ ယခင်အပျိုလူပျိုအဖွဲ့မှ ဖွဲမီးစက်မှ တစ်ရွာလုံးညအချိန်(၃)နာရီ လျှပ်စစ်မီးပေးသည့် စနစ်ရှိပါသည်။ စက်ချို့ယွင်းမှုများသည့်အတွက် လျှပ်စစ်မီးကောင်းစွာမရမှုကြောင့် ဆိုလာအသေး အကြီးများ ဝယ်ယူအသုံးပြုကြရပါသည်။ ဖယောင်းတိုင်အသုံးပြုသူ အိမ်ထောင်စု(၃)အိမ်ထောင်စုရှိပြီး အလွန်ဆင်းရဲကြပါသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသည်လည်း မကြာခဏမီးပြတ်ထောက်မှုများ ကြုံတွေ့နေရပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၄၁၂	၄၂	၁၅၄	၆၆	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ဖုန်းသုံးစွဲမှုများပြားသည်ကို တွေ့ရပြီး လူငယ်အများစုသည် ဆက်သွယ်ရေးအပြင် ဂိမ်းကစားမှုများပြားပါသည်။ ဖေစ်ဘုတ်သုံးစွဲသူအနည်းငယ်သာရှိပါသည်။ ရေဒီယို၊ တီဗွီ၊ စလောင်းများရှိကြသော်လည်း သတင်းအချက်အလက်နှင့် ဗဟုသုတရဖွယ်သတင်းအချက်အလက် နားထောင်စိတ်ဝင်စားသူ နည်းပါးပြီး ကိုးရီးယားဇာတ်လမ်း၊ မြန်မာဇာတ်ကားနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုသာ ကြည့်ရှုံနားထောင်သူများနေခြင်းကြောင့် ဗဟုသုတနည်းပါးမှုရှိနေပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	အပျိုး/လူပျိုဓမ္မစကူးလ်၊ ဓမ္မစကြာ၊ ပဌာန်းအဖွဲ့
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	တရားပွဲများတွင်ပါဝင်ခြင်း၊ အလှူခံခြင်းလုပ်ငန်းများ တွင်ပါဝင်ကြသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ဘောလုံးကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘော်လီဘော
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	လမ်းတတားတည်ဆောက်မှုနှင့် အခြားလုပ်ငန်း
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှမ်းစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုနှင့် ဘာသာရေးပွဲ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	စာကြည့်တိုက်မရှိ၊ အင်တာနက်လက်လှမ်းမှီသုံးစွဲသူဦးရေမရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များ အပန်းဖြေနေရာမရှိပါ။ လူမှုရေးလုပ်ငန်းများတွင် အပျိုလူပျို အဖွဲ့များမှ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။ ဘာသာရေးလုပ်ငန်းများတွင်လည်း ဓမ္မစကူးလ်များဖွင့်လှစ်ပေးထားပြီး၊ ဓမ္မစကြာအဖွဲ့၊ ပဌာန်းအဖွဲ့များရှိပါသည်။ အားကစားနှင့် ပတ်သက်ပြီး ဘောလုံးကွင်း၊ ပိုက်ကျော်ခြင်းကွင်းနှင့် ဘော်လီဘောကွင်းများရှိပြီး ရွာရှိလူငယ်များ ကစားကြပြီး၊ ဘောလုံးပွဲကို ကျေးရွာအုပ်စုပိုင်းတွင် ဝင်ရောက်ကစားခြင်းနှင့် ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောကိုမူ ရွေးမဏ္ဍူဘုရားပွဲတွင် ဝင်ရောက်ကစားကြပါသည်။ အားကစားလှုပ်ရှားမှုနည်းပါးပါသည်။ ထုပ်စီးထိုးကစားခြင်းနှင့် ကြက်တောင်ရိုက်ကစားခြင်းများ ပြုလုပ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအားကောင်းပါသည်။ သက်ကြီးပူဇော်ပွဲနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရှိပါသည်။ စာကြည့်တိုက်ယခင်ကရှိပြီး ထိမ်းသိမ်းမှုမကောင်း၍ ပျက်စီးခဲ့ပါသည်။ ယခုပြန်လည်ဖွင့်လှစ်နိုင်ရန် ကျိုးပမ်းနေပါသည်။ အင်တာနက်သုံးစွဲမှုမရှိပါ။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု	လက်လှမ်းမှီမှုရှိ
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	လက်လှမ်းမှီမှုရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	နည်းပါး
ရဲစခန်းများအား လက်လှမ်းမီမှု	လက်လှမ်းမှီမှုရှိ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ဆက်သွယ်ရေးလုပ်ငန်းများနှင့် MPT၊ တယ်လီနော၊ အော်ရီဒူးစသည့် ဆက်သွယ်ရေးနှင့် လက်လှမ်းမှီမှုရှိပြီး ယခုရွာထိပ်တွင် ဆက်သွယ်ရေး တာဝါတိုင်တစ်ခု တည်ဆောက်နေ၍ ဆက်သွယ်ရေးကွန်ယက်ပိုမိုကောင်းမွန်လာမည်ဟု ယူဆပါသည်။ အာမခံလုပ်ငန်းလက်လှမ်းမှီမှုမရှိပါ။ သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးကျရောက်မှု မရှိ၍ လူထုအခြေပြုအဖွဲ့များ သီးခြားမရှိပါ။ ရဲစခန်းလက်လှမ်းမှီမှုရှိပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်မကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	မရှိ	၂	၁	မရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ လူကုန်ကူးမှုမှာ မရှိသလောက်ဖြစ်ပြီး ခိုးမှုနှင့် အကြမ်းဖက်မှုမှာ သာမန်အဆင့်လောက်သာရှိပြီး မူးယစ်ဆေးဝါးသုံးစွဲမှုမှာစိုးရိမ်ဖွယ် အခြေအနေဖြစ်ပါသည်။ လူငယ်လူလတ်ပိုင်းတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်မှုရှိပါသည်။ အသိပညာမကြွယ်ဝမှုနှင့် မူးယစ်ဆေးဝါးကို လွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်းနှင့် ထိရောက်သည့် နှိမ်နှင်းမှုများ မရှိခြင်းကြောင့် မူးယစ်ဆေးဝါးကိစ္စ

သည် လူငယ်လူလတ်ပိုင်းတွင် ကြီးမားသည့်စိန်ခေါ်မှုဖြစ်နေပါသည်။ တရားဥပဒေစိုးမိုးမှုသည်လည်း တစိတ်တပိုင်းအရ ပါဝင်သည်ဟု ယူဆမိပါသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ကလေးလူငယ်ဖွံ့ဖြိုး**					
၁	အလုပ်အကိုင်ရရှိရေး။	ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း။	အလုပ်လုပ်နိုင်သောအရွယ်များရှိခြင်း။	ပုံမှန်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် ဆန္ဒရှိသော်လည်း ပညာနှင့် အရင်းအနှီးများလိုအပ်မှု။	အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးပါက တက်ရောက်ရန်ဆန္ဒရှိ။	ဒေထွက်ကုန်ဖြစ်သည့် ပဲပုတ်အားအခြေခံသည့် အသေးစားကုန်ထုတ်လုပ်မှုသင်တန်းများပေးခြင်း၊ ဥပမာ-ဆီတိုဟူးလုပ်နည်း၊ ပဲပုတ်ခြောက်ပြုလုပ်နည်းနှင့် အခြားသင့်လျော်သည့် ဒေသထွက်ကုန်၊ ခရမ်းချဉ်သီး၊ ဌက်ပျောသီးတို့ကို ဈေးကွက်ဝင်ပခိုလုပ်ငန်း၊ ဌက်ပျောကြော်လုပ်ငန်းများ သင်တန်းပေးခြင်းနှင့် ဝါးကိုအခြေခံသည့် လက်မှုပညာသင်ကြားပေးခြင်း၊ အပ်ချုပ်သင်တန်း၊ ဇာထိုးသင်တန်းများ၊ ဆိုင်ကယ်ဝပ်ရှော့နှင့် ထွန်စက်ပြင်သင်တန်းများဖွင့်လှစ်ပေး

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						ခြင်းများ ပြုလုပ်ပေးရန်။
၂	မူးယစ်ဆေးဝါးကိစ္စ။	အလုပ်အကိုင်ရှားပါးမှုနှင့် မူးယစ်ဆေးဝါးအားလွယ်ကူစွာ ဝယ်ယူရရှိမှု။	ကျေးရွာလူထုမှ နှင့် ဆေးဝါးပပျောက် ရေးကို အလေးထားမှုရှိ။	ဥပဒေအရ ထိရောက်စွာ နှိမ်နင်းမှုမရှိခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးအရေးယူမှု အားနည်းခြင်း။	မူးယစ်ဆေးဝါး၊ ပြဿနာကို ဥပဒေအရ ထိရောက်စွာ နှိမ်နင်းမည်ဆိုပါက ကျေးရွာလူထုမှ ပူးပေါင်းဆောင်ရွက်ဖြစ်ပါသည်။	မူးယစ်ဆေးဝါးကို ထိရောက်စွာ နှိမ်နင်းသည့် အဖွဲ့များ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင် သည့် ပြင်းထန်သည် ဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် လူထုနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး။
၃	လူငယ်နှင့် အားကာစား။	အားကစားပစ္စည်း များစွာကြီးမြင့်မှု။	လူငယ်များ အားကစားကို စိတ်ဝင်စားမှုရှိခြင်း။	အားကစားကွင်းများ လုံလောက်စွာမရှိခြင်း၊ နည်းပြများမရှိခြင်း။	အားကစားကွင်း များအသစ်ဖောက်လုပ်ခြင်း။	အားကစားပစ္စည်းများ ဈေးကြီးနေမှု၊ ဘောလုံး၊ ဘောလုံးကန်ဖိနပ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောသိရိက်ပစ္စည်းများ အသင့်အတင့်ဈေးနှုန်းနှင့် ဝယ်ယူနိုင်ရေး၊ အားကစားနှင့် ပတ်သက်သည့် နည်းပြသင်တန်းများ ခေါ်ယူပေးရေး။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂	**ကျန်းမာရေး**					
၁	ကလေးလူငယ် ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး။	အသိပညာနည်းပါးမှု။	ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း။	အဟာရဖြစ်စေမည့် အစားအစာ ကျွေးမွေးရေးနှင့် ကာကွယ်စောင့်ရှောက် မှု အားနည်းခြင်း။	ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးဦးစီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မည်။	ကလေးလူငယ် ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အတွက် ကျေးလက်ဒေသ အရောက် ဟောပြောပို့ချမှုများ၊ အသိအမြင်ဖွံ့ဖြိုးစေသည့် လုပ် ငန်းများလူထုနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
၂	အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး။	အသိပညာနည်းပါး မှုနှင့် စိတ်ပါဝင်စားမှု အားနည်းခြင်း။	မယ်ခိင်အဖွဲ့အစည်းရှိပြီးဖြစ်၍ အမျိုးသမီးထုအတွက် စုစည်းမှုအားကောင်းခြင်း။	အဖွဲ့အစည်းရှိပြီး ဖြစ်သော်လည်း ဘာသာရေးနှင့် လူမှုရေးဖက်တွင်သာ အာ ားသန်မှုရှိ။	မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ လူမှုဝန်ထမ်းအဖွဲ့များ မှ ဟောပြောပို့ချနိုင် ရန် ဆက်သွယ်ဆောင်ရွက် မည်။	မွေးရာပါ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လမ်းညွှန်ချမှတ်ပေးပြီး ဟောပြောပို့ချမှုများပြုလုပ်ပေးရန် လိုအပ်ပါသည်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	ကျန်းမာရေးနှင့် အဟာရ။	အသိပညာနည်းပါး မှုလေ့လာမှု အားနည်းခြင်း။	ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း။	ကျန်းမာရေးနှင့် ပတ်သက်ပြီး ဗဟုသုတနည်းပါးခြင်း နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဟောပြောပို့ချမှု အားနည်းခြင်း၊ သွေးတိုးရောဂါနှင့် နှလုံးနှင့် ပတ်သက်သည့် ရောဂါများအဖြစ်များခြင်း။	ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်။	ကျန်းမာရေး ဗဟုသုတနည်းပါးကြပါသည်၊ အဟာရတန်ဖိုးနှင့် စားသောက်နေထိုင်မှု ဗဟုသုတရစေရန် ဟောပြောပို့ချမှုများ ပြုလုပ်ရန်ဆန္ဒရှိပါသည်။
၄	သောက်သုံးရေ။	ရေတွင်းသံချေးနံ ရှိခြင်း၊ ရေဆီတက်ခြင်း၊ ကျောက်ကပ်ရောဂါအဖြစ်များခြင်း။	စက်ရေတွင်းများ တူးဖော်ရာတွင် ရေလျှံတွင်းဖြစ်ခြင်း၊ မြေအောက်ရေ ထုတ်နှတ် သုံးစွဲရလွယ်ကူခြင်း။	သောက်သုံးရေ တွင် လူအားဥပါဒ်ဖြစ်စေမည့် ဓာတ်သတ္တုများ ပါဝင်နေမှု မသိရှိရခြင်း။	ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ လမ်းညွှန်ချမှတ် ပေးရန်။	သောက်သုံးရေ သုံးစွဲရာတွင် လူအားဥပါဒ် ဖြစ်စေသည်၊ ဓာတ်များပါဝင်မှုကို မသိရပါ၊ သုံးစွဲနေသည့်ရေအား ဓာတ်ခွဲစမ်းသပ်မှု ပြုရန်လိုအပ်မှုရှိပြီး မည်သည်ဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိရပါ၊

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းညွှန်ပြနိုင်မှုမရှိပါ။
၅	ကျား/မတန်းတူအခွင့်အရေး။	အခွင့်အရေး ညီမျှစွာရရှိရေး။	အမျိုးသမီးများ ပညာတတ် ပိုမိုများပြားလာခြင်း။	အလုပ်အကိုင် အခွင့်အလမ်းတွင် တန်းတူညီမျှစွာ မရရှိမှု၊ ကျေးရွာအစုအဖွဲ့များတွင် အမျိုးသမီးဦးဆောင်မှု နည်းပါးခြင်း။	အမျိုးသမီးများ အသိအမြင် ဗဟုသုတများ ရရှိရန် ကြိုးပမ်းဆောင်ရွက်မည်။	တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ တက်ရေးတွင် အမျိုးသားများထက် အမျိုးသမီးများ၏ အမှတ်ကပိုမိုမြှင့်မားနေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတွင်လည်း အမျိုးသားများကို ပိုမိုဦးစားပေးခြင်း တန်းတူအခွင့်အရေးရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	**ရပ်မိ/ရပ်ဖ**					
၁	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး။	စီမံချက်လုပ်ငန်းနှင့် ဌာနအကြောင်းကို နားလည်သဘောပေါက် မှုအားနည်းခြင်း။	ရပ်မိ/ ရပ်ဖအဖွဲ့အစည်းသည် ကနဦးကပင်စတင်ဖွဲ့စည်းပြီးဖြ စ်ပါသည်။	ကျေးလက်နေပြည်သူများဖြစ်သည့် အလျောက် ပညာနည်းပါးခြင်း၊ ဌာနဆိုင်ရာများကို ယုံကြည်မှု အားနည်းခြင်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းဖောက်လုပ်ခြင်း၊ ကိုယ်ကိုးစာသင်ကျောင်းဆောက်လုပ်ရာတွင် ဌာနဆိုင်ရာများမှ ကူညီမှု အားနည်	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများအရောက်သွားရောက်ပြီး လက်တွေ့ကျသည် လုပ်ငန်းများ ဖော်ဆောင်ပေးခြင်းနှင့် ကျေးလက်နေပြည်သူများ သဘောဘောက်နား လည်မှု ပြုလုပ်ခြင်း များ ပြုလုပ်ရန် ကျိုးပမ်းဆောင် ရွက်ပါမည်။	တင်ပြထားသည့် အစုအဖွဲ့များ၏ လိုအပ်ချက်များကို မြေပြင်ကွင်းဆင်းပြီး လက်တွေ့ဆောင်ရွက်ပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးကို အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည် ဆိုပါက ကျေးလက်နေပြည်သူများမှ ပိုမိုအားကိုးလာပြီး ပူးပေါင်းဆောင်ရွက်မှုရလာနိုင်မည်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	စိုက်ပျိုးရေး					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး။	စီမံချက်လုပ်ငန်းနှင့် ဌာန အကြောင်းကိုနားလည်သဘောက်ပေါက်မှု အားနည်းခြင်း။	ရပ်မိ/ရပ်ဖ အဖွဲ့အစည်းသည် ကနဦးကပင်စတင်ဖွဲ့ပြီး ဖြစ်ပါသည်။	ကျေးလက်နေပြည်သူများ ဖြစ်သည့်အလျောက်ပညာနည်းပါးခြင်း၊ ဌာနဆိုင်ရာများကို ယုံကြည်မှု အားနည်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းဖောက်လုပ်ခြင်း၊ ကိုယ်အားကိုယ်ကိုး စာသင်ကျောင်းဆောက်လုပ်ရာတွင် ဌာနဆိုင်ရာများမှ ပံ့ပိုးမှု ကူညီမှုအားနည်းချက်များရှိခြင်း။	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျေးရွာများ အရောက်သွားပြီး လက်တွေ့ကျသည့် လုပ်ငန်းများ ဖော်ဆောင်ပေးခြင်းနှင့် ကျေးလက်နေပြည်သူများသဘောပေါက်နားလည်မှုရှိရန် ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်ခြင်းများ ပြုလုပ်ရန် ကျိုးပမ်းဆောင်ရွက်ပါမည်။	တင်ပြထားသည့် အစုများ၏ လိုအပ်ချက်များကို မြေပြင်ကွင်းဆင်းပြီး လက်တွေ့ဆောင်ရွက်ပေး နိုင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား တိုးတက်ရေးကို အမှန်တကယ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများမှ ပိုမိုအားကိုးလာပြီး ပူးပေါင်းဆောင်ရွက်မှု ရလာနိုင်မည်။
၅	**စိုက်ပျိုးမွေးမြူမဟုတ်သော**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အချိန်မှီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအောင်ရေး။	ချောင်းကြီးများ မရှိခြင်းနှင့် မိုးရေခံလယ်ဖြစ်နေခြင်း။	မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပြီး မြေအောက်ရေထုတ်သုံးနိုင်မှုရှိခြင်း။	နည်းပညာနှင့် ငွေအရင်းအနှီး။	လယ်သမားအများစု မှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။	မြေအောက်ရေရရှိပါက သီးနှံများ အထွက်တိုးလာနိုင်သည့် အတွက် ငါးပေါက်ကျင်းများ တူးရန် ဆန္ဒရှိပါသည်။ ငါးပေါက်ကျင်းတူးသည့် နည်းပညာများ ရရှိရန်လိုအပ်ပြီး၊ အထိုက်အလျောက်ရင်းနှီးငွေပံ့ပိုးပေးပါက အောင်မြင်မှုရနိုင်ပါသည်။
၂	မျိုးကောင်းမျိုးသန့်များရရှိရေး။	ဒေသတွင် စိုက်ပျိုးနေသည့် စပါးနှင့်အခြားသီးနှံများသည် အထွက်နှုန်း နည်းပါးမှုရှိပါသည်။	လယ်ယာမြေပိုင်ဆိုင်မှုအား ကောင်းပြီး၊ ခေတ်မှီ စိုက်ပျိုးရေးကို စိတ်ဝင်စားပါသည်။	စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေးတွင် နည်းပညာအား နည်းမှုရှိပါသည်။	စိုက်ပျိုးရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်။	မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ခေတ်မှီ စိုက်ပျိုးရေးဦးစီးဌာနမှ လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးရေးနှင့် ခေတ်မှီစိုက်ပျိုးရေးသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။
၃	ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု။	အထွက်နှုန်းကောင်းရေးနှင့် သီးနှံပင်များ ရောဂါပိုးကျရောက်မှု။	မြန်မာ့ဩဇာနှင့် အခြား ဓာတ်မြေဩဇာနှင့် သီးနှံပင်များ	မြေဩဇာ ဈေးကြီးမြင့်မှုနှင့် အချိုသီးနှံဖျက်ပိုးများ၊ ပိုးသ	ပင်းရင်းဓာတ်မြေဩဇာ ထုတ်ကုမ္ပဏီများနှင့် ချိတ်ဆက်ရန်	ဓာတ်မြေဩဇာ ထုတ်သည့် ကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဈေးနှုန်းလျော့ချ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			ရောဂါကျရောက် မှုတွင် ပိုးသတ်ဆေးသုံးစွဲနည်းများ ဟောပြောမှုရှိခြင်း။	တ်ဆေးမှ ထိရောက်စွာ နှိမ်နင်းမှုမရှိခြင်း။	ဆန္ဒရှိခြင်းနှင့် သီးနှံဖျက်ပိုးများအတွက် စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။	နိုင်ရေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှုနည်းစနစ် ကျနမှုနှင့် မှန်ကန်စွာသုံးစွဲနိုင်ရေး ကျရောက်သည့် ပိုးမွှားများနှင့် သက်ဆိုင်သည့် ပိုးသတ်ဆေးများသုံးစွဲနိုင်ရေးကို စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းများပို့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မည်။
၄	စိုက်ပျိုးရေးဘဏ်မှ ချေးငွေထုတ်ချေးပေး မှုကာလတိုတောင်းခြင်း။	စပါးပေါ်ချိန်နှင့် ဘဏ်ဆပ်ငွေအချိန်ကာလနီးကပ်မှုကြောင့် ငွေဆပ်ရန်ခက်ခဲမှု။	နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေချေးပြီး ပြန်ဆပ်သည့် အတွေ့အကြုံများရှိခြင်း.	၂၀၁၆-၂၀၁၇နှစ် မှ စတင်ပြီး (၁)ကေလျင် တစ်သိန်းခွဲနှုန်း ချေးပေး၍ချေးငွေပမာဏများပြားလာမှုနှင့် ကုန်သည်များမှ အခွင်းကောင်းယူ၍ စပါးဈေးနှုန်းနိမ့်ချဝယ်ယူခြင်း။	သက်ဆိုင်ရာဌာနများသို့တင်ပြမှုနှင့် လွှတ်တော်အမတ်များ သို့ တင်ပြရန်။	အင်းတော်ကြီးဒေသသည် စိုက်ပျိုးချိန် နောက်ကျ၍ စပါးပေါ်ချိန် နောက်ကျပါသည်။ စိုက်ဘဏ်သို့ ချေးငွေအချိန်မှီပေးဆပ်နိုင်ရေးအတွက် ကုန်သည်များပေးသည့် ဈေးအတိုင်းသာ ရောင်းချရ၍ နစ်နာမှုများပါသည်။ ရေရှည်ငွေချေးမှုသို့မဟုတ် ချေးငွေဆပ်မှုကို အချိန် ၂လ/ ၃လလောက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						နောက်ဆုတ်ပေးပါက လယ်သမားများအတွက် ပိုမိုအဆင်ေ ပြေမည်ဖြစ်ပါသည်။
၆	**မွေးမြူရေး**					
၁	မွေးမြူရေးလုပ်ငန်း။	နည်းပညာနှင့် ငွေအရင်းအနှီး။	တနိုင်တပိုင် မွေးမြူရေးရှိပြီး ကျယ်ပြန့်သည့်မှော် စျေးကွက်နှင့် နီးခြင်း၊ အသားတိုး(၄၅)ရက် ကြက်မွေးမြူရေး လုပ်ကိုင်နေသူ(၂)ဦးရှိခြင်း။	မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် တိရစ္ဆာန်ကာကွယ်ကုသရေး လက်လှမ်းမမှီမှု။	မျိုးကောင်းမျိုးသန့်ရရှိရေးကို ဆောင်ရွက်မည်။	ကျေးလက်ဒေသဖြစ်၍ အိမ်ခြံမြေကျယ်ဝန်းမှုရှိ၍ မြေနေရာအတွက် အခက်အခဲမရှိပါ၊ တိ/မွေးကုဋ္ဌာနမှ ကုသရေးနှင့် ကာကွယ်ရေးကို ကျယ်ပြန့် စွာ လုပ်ကိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်။ နည်းပညာနှင့် ပတ်သက်ပြီးသင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် အရင်းအနှီးများရရှိရေး အတွ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						က်သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်မည်။
၂	တံငါလုပ်ငန်း။	ပိုက်နှင့် အခြားရေလုပ်ငန်းပစ္စည်းများ ဝယ်ယူရေးအတွက် ငွေအခက်အခဲ။	ရေသယံဇာတပေါကြွယ်ဝပြီး ငါးပေါသည့်အတွက် မိသားစုစားဝတ်နေရေးကို ကောင်းမွန်စွာ ဖြေရှင်းပေးနိုင်။	ငါးမဖမ်းရ ကာလတွင် အလုပ်လက်မဲ့များဖြစ်နေခြင်း နှင့် ရေလုပ်ငန်း သုံးပစ္စည်းများ အဝယ်နိုင်မှုနှင့် ငွေရင်းငွေနှီး လိုအပ်မှု။	ငါးမဖမ်းရ ကာလတွင် အခြားဝင်ငွေရ လုပ်ငန်းများရရှိရေး၊ ရေကို(၄၅)ရက် သားတိုးကြက်မွေးမြူနိုင် ရေးကို ဦးစားဆောင်ရွက်နိုင်ရန်။	ငွေထုတ်ချေးပေးမည့် အဖွဲ့များနှင့် ချိတ်ဆက်နိုင်ရေးနှင့် ချိတ်ဆက်နိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းအစားထိုး လုပ်ကိုင်ရန်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ